# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ် (၃၃၄)


# ပြင်သစ်၊ စပိန်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီနှင့် အနီးတစ်ဝိုက်ဒေသများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၇ ဦးအား ပြန်လည်ခေါ်ဆောင်



ပါရီမြို့ အခြေစိုက် Amelia Airline ကယ်ဆယ်ရေး အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့သည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ သတင်းစဉ်

နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြင်သစ်၊ စပိန်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီနှင့်အနီးတစ်ဝိုက်ဒေသများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၇ ဦးအား ပါရီမြို့ အခြေစိုက် Amelia Airline ကယ်ဆယ်ရေး အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ


*စာမျက်နှာ ၃ ကော်လံ ၁* ❐


**" ဇွန် ၇ ရက်တွင်လည်း ပြင်သစ်၊ အီတလီနှင့် နယ်သာလန်နိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် Norwegian Cruise Line Holding Ltd. ကုမ္ပဏီ၏ ကမ္ဘာလှည့်သင်္ဘောများပေါ်မှ မြန်မာသင်္ဘောသားစုစုပေါင်း ၈၃ ဦးတို့အား Amelia Airline ကယ်ဆယ်ရေးအထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ "**



## ကိုကိုးကျွန်းမြို့နယ်၌ ဆိုလာဟိုက်ဒရောလစ်ဓာတ်အား ပေးစက်တည်ဆောက်မည်


စာ ➤ ၅


## အမေရိကန်သာမက ကမ္ဘာတစ်ဝန်းလုံးအထိ ရိုက်ခတ်ပျံ့နှံ့နေတဲ့ ကိုဗစ်-၁၉


စာ ➤ ၁၄




## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်


စာ ➤ ၈

မြန်မာ့အလင်း

# သမိုင်းကြောင်းရှိသည့် မြန်မာ့ကာတွန်းနှင့် မြန်မာ့ကာတွန်းသမိုင်းပြတိုက်

ကာတွန်းဟုခေါ်သော သရုပ်ဖော်ပုံကလေးများ ကမ္ဘာတွင် ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း တစ်ရာကျော်၊ နှစ်ရာနီးနီး ရှိခဲ့ပြီဖြစ်သည်။ ကာတွန်းသည် ပန်းချီပညာ၏ အကိုင်းအခက်တစ်ခုဖြစ်သော်လည်း သရုပ်မှန်ပုံများ မဟုတ်။ အရွှင်အမြူး၊ အသောအထေ့၊ သရော်လှောင်ပြောင်ခြင်း၊ ပြက်ရယ်ပြုခြင်းတို့ဖြင့် ဟာသရသဘက်သို့ နွယ်သည်။ ကမ္ဘာ့ကာတွန်း၏အစသည် ၁၉ ရာစုထဲမှာစပြီး မြန်မာ့ကာတွန်းကမူ ရာစုနှစ်ထက်ဝက်ကျော်ခန့် နောက်ကျကာ ၂၀ ရာစု အစောပိုင်းကာလတွင် စသည်။

မြန်မာ့ကာတွန်း၏ ဖခင်ကြီးအဖြစ် ဦးဘကလေး(ရွှေတလေး) ကို အသိအမှတ်ပြုကြသည်။ ၁၉၁၅ ခုနှစ်ထုတ် ရန်ကုန်ကောလိပ်မဂ္ဂဇင်းတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲခဲ့သည့် ဦးဘကလေး၏ လက်ရာကာတွန်းက မြန်မာကာတွန်းဆရာ ရေးဆွဲသည့် ပထမဆုံး မြန်မာကာတွန်းဖြစ်ပြီး မြို့အုပ်လုပ်ရန်လောက်သာ ရည်ရွယ်၍ မြို့အုပ်ရူး ရူးကြသည့် ထိုခေတ်ကာလ ကောလိပ်ကျောင်းသားအချို့ကို သရော်သည့် ကာတွန်းဖြစ်သည်။ ဦးဘကလေးမှ စခဲ့သည့် မြန်မာ့ကာတွန်းသည် ဆက်လက်၍ အရှိန်အဟုန်ကောင်းကောင်းဖြင့် ဖြစ်ထွန်းခဲ့ပြီး ခေတ်အဆက်ဆက်တွင် မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် ရှင်သန်ခဲ့သည်။ ကာတွန်းပညာရှင်များ ရေးဆွဲခဲ့ကြသည့် ကာတွန်းဇာတ်ကောင်လေးများက သူ့ခေတ်အခါနှင့်သူ ကလေး၊ လူကြီး ပရိသတ်တို့၏ အချစ်တော်များဖြစ်ခဲ့ကြသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ နိုင်ငံရေး၊ လူမှုရေးခေတ်အမြင် ကာတွန်းများ၊ အပတ်စဉ်ထုတ်၊ လစဉ်ထုတ် ကာတွန်းဂျာနယ်များ၊ လုံးချင်းရုပ်ပြများ စသည်ဖြင့် ကာတွန်းခေတ်ကောင်းလည်း ရှိခဲ့သည်။ ထို့အပြင် ရုပ်ရှင်ပေါ်ဦးစကာလကပင် ကာတွန်းရုပ်ရှင်ကို စတင်ကြံစည်တီထွင်ခဲ့ကြပြီး ၁၉၃၂ ခုနှစ်တွင် ကာတွန်း ဦးဘဂျမ်းနှင့် ဦးဟိန်စွန်း၊ ဦးချစ်တင်၊ ဦးချစ်ဆွေတို့၏ ကြိုးပမ်းမှုဖြင့် ပထမဆုံး မြန်မာကာတွန်း ရုပ်ရှင်ဇာတ်ကားနှစ်ကား ပေါ်ပေါက်လာသည်။

မြန်မာ့ကာတွန်းသည် ၁၉၁၅ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့ရာ မြန်မာ့ကာတွန်း နှစ် ၁၀၀ ပြည့်ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့သည်။ ယခုအခါ နှစ် ၁၀၀ ကျော်လာပြီဖြစ်သည့် မြန်မာ့ကာတွန်း၏ သမိုင်းကြောင်းသည်လည်း နောင်လာနောက်သားတို့အတွက် မှတ်တမ်းပြုစရာ၊ ဂုဏ်ယူစရာ မြန်မာ့ကာတွန်းသမိုင်းပြတိုက် တည်ထောင်ပြသနိုင်ရန် လိုအပ်လာပြီဖြစ်သည်။ ရေရှည်တည်တံ့သည့် နိုင်ငံ့ဂုဏ်ဆောင်ပြတိုက်တစ်ခု ဖြစ်လာစေရန် မြေနေရာ၊ အဆောက်အအုံ၊ ဘတ်ဂျက်နှင့် ပြတိုက်တွင်ပြသရမည့် ပစ္စည်းများ စုဆောင်းမှုတို့ကို ကာတွန်းပညာရှင်များ၊ ကာတွန်းလောကသားများ၊ ကာတွန်းချစ်သူပရိသတ်များ၏ စိတ်ဓာတ်၊ အလိုဆန္ဒ၊ ဝီရိယနှင့် ဉာဏ်ပညာတို့ဦးဆောင်ကာ ဆောင်ရွက်လုပ်ကိုင်သည်နှင့်အမျှ မြန်မာ့ကာတွန်းသမိုင်းပြတိုက်သည် အနေးနှင့်အမြန် ပေါ်ပေါက်လာရမည်သာ ဖြစ်သည်။

မျက်မှောက်ခေတ်တွင် ကာတွန်းသည် ပုံနှိပ်မီဒီယာများတွင်သာမက ဒစ်ဂျစ်တယ်နည်းပညာများနှင့် ကာတွန်းရုပ်ရှင်များ၊ ကာတွန်းဇာတ်လမ်းတွဲများကို အံ့မခန်းထုတ်လုပ်လာကြပြီဖြစ်ရာ နိုင်ငံတကာအဆင့်မီ မြန်မာကာတွန်းရုပ်ရှင်များ ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပ ယှဉ်ပြိုင်ထိုးဖောက်နိုင်ရန် ကြိုးပမ်းဖို့ လိုအပ်သကဲ့သို့ အခြားနိုင်ငံများကဲ့သို့ပင် မြန်မာ့ကာတွန်းသမိုင်းပြတိုက်ကို စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်မှုရှိရှိဖြင့် ဂုဏ်ယူဖွယ်ရာတစ်ခုအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာရေး ကြိုးပမ်းနိုင်ကြပါစေကြောင်း။ ။

# မစ္စတာ ရာနီယယ်ရီ ဆာဘာတူချီ အား ဥရောပသမဂ္ဂ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ခရစ္စရှန် ရှမစ် ၏နေရာတွင် မစ္စတာ ရာနီယယ်ရီ ဆာဘာတူချီ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ရာနီယယ်ရီ ဆာဘာတူချီ ကို ၁၉၆၀ ပြည့်နှစ်၊ ဇွန်လတွင် အီတလီနိုင်ငံ၊ ရောမမြို့၌ မွေးဖွားခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ၎င်းသည် အီတလီနိုင်ငံ၊ University of Perugia မှ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေး အထူးပြုဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ Italian Volunteer Service ၌ စေတနာ့ဝန်ထမ်းအဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ European Commission ၌လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့ရှိ EU External Action Service (EEAS)၊ Division for the Pacific နှင့် Division for South East Asia and ASEAN တို့တွင် ဌာနအကြီးအကဲအဖြစ်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ရာနီယယ်ရီ ဆာဘာတူချီ သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ အီသီယိုပီးယားနိုင်ငံ အဒစ်စ်အဘာဘာမြို့၌ ရုံးစိုက်သည့် အာဖရိကသမဂ္ဂဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အီတလီ၊ အင်္ဂလိပ်၊ ပြင်သစ်နှင့် စပိန်ဘာသာစကားများ တတ်ကျွမ်းသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီး (၂)ဦးရှိသည်။

**သတင်းစဉ်**

# မြန်မာ-ဂျပန်စင်တာဆိုင်ရာ Phase-(II) Project အတွက် ပူးတွဲကြီးကြပ်ရေးကော်မတီ (JCC) ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာ-ဂျပန် စင်တာဆိုင်ရာ Phase-(II) Project အတွက် ပူးတွဲကြီးကြပ်ရေးကော်မတီ (JCC) ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန တိုးချဲ့အစည်းအဝေးခန်းမ၌ Online မှ Zoom Application စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ UMFCCI ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများနှင့် မြန်မာ-ဂျပန် စင်တာဆိုင်ရာ ပူးတွဲကြီးကြပ်ရေးကော်မတီ (JCC) မှ အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် Myanmar-Japan Center ၏ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက Myanmar-Japan Center အား မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် Global Market နှင့် ယှဉ်ပြိုင်နိုင်သော စွမ်းဆောင်ရည်မြင့်မားသည့် စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုပေါ်ထွန်းလာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ထားခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးနှင့်လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာ-ဂျပန်စင်တာသည် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များအတွက် အထွေထွေစီးပွားရေးဆိုင်ရာ သင်တန်းများကို ရန်ကုန်မြို့တွင်သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ အောင်မြင်စွာပို့ချပေးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ထို့အပြင် Myanmar-Japan Center အနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ပိုမိုအကျိုးရှိစေမည့် သင်တန်းများကို ပိုမိုဆန်းသစ်သော နည်းလမ်းများဖြင့် တိုးချဲ့ဆောင်ရွက်သွားကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များကို လိုက်နာ၍ Business Matching များနှင့် Business Consultation သင်တန်းများကို ဖွင့်လှစ်သွားကြရန်၊ နောင်လာမည့်နှစ်များတွင်လည်း MJC ၏ လုပ်ဆောင်ချက်များကို တိုးမြှင့်ဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ဝေန်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၅၄၀၀၀၀ စိုက်ထည့်

**ရေကြည် ဩဂုတ် ၃၁**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ ဝေန်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၅၄၀၀၀၀ စိုက်ထည့်ခြင်းကို ယမန်နေ့က သောင်ရွာကူးတို့ဆိပ်တွင် ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ ရောဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသော်ထွန်းဦး၊ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အောင်ကံညွှန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းကြီးကြပ်ရေးနှင့် ကော်မတီဝင်များ၊ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝေန်မြစ်အတွင်း ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀၊ ငါးရွှေဝါ ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး ၂၄၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။ **အောင်သူဟန် (ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးလျော့နည်းနိုင်သည်။ **မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

## Myanmar International (MITV Channel) ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး ကျင်းပ



Myanmar International (MITV Channel) ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**ရန်ကုန် ဩဂုတ် ၃၁**

Myanmar International (MITV Channel) ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် တက်ရောက်သည်။

### ဆွေးနွေးတင်ပြ

အစည်းအဝေးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က Myanmar International (MITV Channel) ၏ သမိုင်းကြောင်း၊ လက်ရှိ ဆောင်ရွက်နေမှုအခြေအနေနှင့် သုံးသပ်ချက်ကိုလည်းကောင်း၊ ဒေတ္တဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာက MITV ၏ ဖွဲ့စည်းပုံ၊ ပညာရှင်နှင့် ဝန်ထမ်းများ၊ ဘဏ္ဍာရေးဆိုင်ရာများ ဖြည့်တင်းဆောင်ရွက်မည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံတို့ကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဝင်းက MITV Channel အရည်အသွေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လတ်တလောဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ရေရှည်ဆောင်ရွက်မည့် အစီအမံတို့ကို လည်းကောင်း၊ Chief Operation Officer ဦးဇော်မင်းအောင်က အစီအစဉ်များ တိုးတက်ဆောင်ရွက်နိုင်မှုနှင့် ကုမ္ပဏီမှ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၊ ဌာနနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လိုသည့် အချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ Senior Executive Director ဒေါက်တာ သိန်းသန်းဦးက MRTV နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်မည့် Myanmar International Radio Channel (MIR Channel) အစီအစဉ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

### ညှိနှိုင်းပူးပေါင်းဆောင်ရွက်

ထိုသို့ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လတ်တလော တိုးတက်ပြောင်းလဲ ဆောင်ရွက်နိုင်မည့်အစီအစဉ်များကို မြန်မြန်ဆန်ဆန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊ ရေရှည်ဆောင်ရွက်လိုသည့် အစီအမံများကို နှစ်ဖက်ညှိနှိုင်းဆွေးနွေးပြီး ပြုစုတင်ပြရန်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစီစဉ်ဆောင်ရွက်နေမှု၊ COVID-19 ကပ်ရောဂါနှင့် ပတ်သက်၍ အလေးထားပြီး ထိန်းချုပ်ကာကွယ်ကုသရေး ဆောင်ရွက်နေမှု စသည်တို့ အပါအဝင် MITV ၏ မူလရည်မှန်းချက်များနှင့်အညီ အစီအစဉ်ကောင်းများ ထုတ်လွှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ MITV Channel ကို ပရိသတ်ကြည့်ရှုမှု မြင့်တက်လာစေရေး ဆောင်ရွက်မည့် အစီအစဉ်နှင့် အဆိုပါ ကြည့်ရှုနှုန်းကို ပြုစုလေ့လာသုံးသပ်မည့် အစီအမံများ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

### ပြောင်းလဲထုတ်လွှင့်

မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များအား နိုင်ငံတကာက သိရှိစေရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် နိုင်ငံပိုင်ရုပ်သံလိုင်း MRTV-3 Myanmar International Channel ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၁၉ ရက်က စတင်ထုတ်လွှင့်ခဲ့ရာမှ နိုင်ငံတကာထုတ်လွှင့်မှုအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဖမ်းယူရရှိနိုင်စေရေး၊ Global Coverage တိုးချဲ့နိုင်ရေး၊ ထုတ်လွှင့်ချိန်အား ၂၄ နာရီအထိ တိုးချဲ့ထုတ်လွှင့်နိုင်ရေးနှင့် အသွင်သစ်အမြင်သစ်များဖြင့် Channel Rebranding ဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီတို့ ပူးပေါင်း၍ Myanmar International Television(MITV) အမည်ဖြင့် ၂၀၁၀ ပြည့်နှစ် မတ် ၃၁ ရက်မှစ၍ ပြောင်းလဲထုတ်လွှင့်ခဲ့ခြင်း ဖြစ်သည်။

### နားဆင်နိုင်

ထို့အပြင် အင်္ဂလိပ်ဘာသာဖြင့် အဓိက ထုတ်လွှင့်သည့် Myanmar International Radio Channel(MIR) ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာတို့ ပူးပေါင်း၍ FM ရေဒီယိုဖြင့် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ထုတ်လွှင့်ပေးလျက်ရှိပြီး ၎င်းအစီအစဉ်များကို MIR ၏ Mobile Application, Facebook နှင့် Website တို့မှလည်း နားဆင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသံရုံးတို့အကြား စာကြည့်တိုက်ပစ္စည်းများနှင့် ဆော့ဖ်ဝဲများ ထောက်ပံ့ရေးဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ တက်ရောက်




**နေပြည်တော် ဩဂုတ် ၃၁**

ပညာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသံရုံးတို့အကြား စာကြည့်တိုက်ပစ္စည်းများနှင့် ဆော့ဖ်ဝဲများ ထောက်ပံ့ရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ယနေ့ညနေ ၄ နာရီက ရုံးအမှတ် (၂၁) တွင် ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Saurabh Kumar ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### လက်မှတ်ရေးထိုး

အဆိုပါ သဘောတူညီချက်ကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Saurabh Kumar နှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းတို့ လက်မှတ်ရေးထိုးကြသည်။

### သဘောတူညီခဲ့

ဂျပန်နိုင်ငံအစိုးရအကူအညီဖြင့် ရခိုင်ပြည်နယ် စစ်တွေ၊ မာန်အောင်၊ ပေါက်တော၊ မောင်တောနှင့် မြေပုံမြို့နယ်များတွင် တည်ဆောက်ခဲ့သော ကျောင်း ၁၅ ကျောင်းတွင် အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ပညာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသံရုံးတို့အကြား စာကြည့်တိုက်ပစ္စည်းများနှင့် ဆော့ဖ်ဝဲများ ထောက်ပံ့ရန် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ ရှေ့ဖုံးမှ

ဇွန် ၇ ရက်တွင်လည်း ပြင်သစ်၊ အီတလီနှင့် နယ်သာလန်နိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် Norwegian Cruise Line Holding Ltd. ကုမ္ပဏီ၏ ကမ္ဘာလှည့်သင်္ဘောများပေါ်မှ မြန်မာသင်္ဘောသား စုစုပေါင်း ၈၃ ဦးတို့အား Amelia Airline ကယ်ဆယ်ရေး အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေတာရှည်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**ရေတာရှည် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ဩဂုတ် ၃၀ ရက်တွင် ကွင်းဆင်းကြည့်ရှုသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေတာရှည်မြို့ အနောက်ဘက် ပေါက်ချောင်းကျေးရွာအုပ်စုအတွင်း ခင်တန်းနှင့် ကျောက်ချောင်းကျေးရွာအကြားရှိ စမိုးချောင်းလွှဲမြောင်းဖြတ် ကွန်ကရစ်တံတားကို သွားရောက်ကြည့်ရှုပြီး တံတားကို အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေးအတွက် ကျေးလက်လမ်းဦးစီးဌာန တာဝန်ရှိသူများနှင့်ဆွေးနွေးသည်။ ထို့နောက် ကျောက်ချောင်းကျေးရွာသို့ သွားရောက်ပြီး ရွာဦးကျောင်းဆရာတော်အား ဝါဆိုသင်္ကန်းနှင့် အလှူငွေများ ဆက်ကပ်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ရေတာရှည် – ကရင်ချောင်း – လိပ်သို စစ်တောင်းမြစ်ကူးတံတားမှတစ်ဆင့် ရေတာရှည်–ခင်တန်း–ကျောက်ချောင်း–ဇီးအုပ်ကျေးရွာများကို ဖြတ်သန်း၍ အမြန်လမ်းမကြီးသို့ ဆက်သွယ်ထားသော ကားလမ်းဖောက်လုပ်မည်ဖြစ်ကြောင်းနှင့် ယင်းလမ်းမကြီး ဖောက်လုပ်ပြီးစီးသွားပါက ဒေသတွင်းလမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခြင်းနှင့်အတူ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် တိုးတက်ပြောင်းလဲမှုများ ရရှိလာမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အမြန်လမ်း မိုင်တိုင် ၁၅၈ နှင့် မအူတုံးကျေးရွာအကြား ဆက်သွယ်ထားသော လမ်းပိုင်းမှ တံတားပြုပြင်နိုင်ရေးကိစ္စနှင့် အခြားသော ဒေသလိုအပ်ချက်များကို ဒေသခံပြည်သူများက တင်ပြခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**

# ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံအချောသပ် မွမ်းမံတည်ဆောက်ရေး၊ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ပြန်လည်မွမ်းမံပြုပြင်ရေးနှင့် ပရိယတ္တိစာအောင်ဆုပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၃၁

ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံအချောသပ် မွမ်းမံတည်ဆောက်ရေး၊ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ပြန်လည်မွမ်းမံပြုပြင်ရေးနှင့် ပရိယတ္တိစာအောင်ဆုပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။ **(ယာပုံ)**



ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံအချောသပ် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းများအတွက် ပြည်ကြီးတံခွန်မြို့နယ် မဟာသုဒ္ဓရာရာမပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တအာဝုဓ(လက်ပံတောင်း)နှင့် ထန်းတပင်မြို့နယ် ရွာမပရိယတ္တိ တပ်ဦးကျောင်းတိုက်မှ ဘဒ္ဒန္တ ဝိနယာစာရတို့က အလှူငွေကျပ် သိန်း ၅၀ စီ၊ ကျောက်တန်းမြို့ ဓမ္မဒါယာ ဒါသဒ္ဓမ္မရုံသီရိပ်သာမှ ဘဒ္ဒန္တဝဏ္ဏိတက အလှူငွေကျပ် ၄၅ သိန်း၊ ဒေါပုံမြို့ ပြဿဒ်ကျောင်း ပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တသေကပဏ္ဍိတ၊ ပြည်မြို့ ဓမ္မသိင်္ဂီ မင်းကျောင်းတိုက်မှ ဒေါက်တာ ဘဒ္ဒန္တပညာစက္က၊ တွံတေးမြို့ ရတနာ့ဗိမာန်ကျောင်းမှ ဘဒ္ဒန္တတေဇောသာရနှင့် မုဒုံမြို့နယ် အောင်တော်မူကျောင်းမှ ဘဒ္ဒန္တသီလဝံတတို့က အလှူငွေကျပ် သိန်း ၃၀ စီ၊ တွံတေးမြို့ ဓမ္မရက္ခိတကျောင်းတိုက်မှ ဘဒ္ဒန္တစရဏ၊ ဘီးလင်းမြို့နယ် အောင်ဗောဓိမဏ္ဍိုင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (တောင်စွန်း) မှ ဒေါက်တာ ဘဒ္ဒန္တပဏ္ဍိတ၊ တောင်တွင်းကြီးမြို့နယ် ငါးဆင့်အရှေ့ကျောင်းတိုက် မိုးကုတ်ရိပ်သာမှ ဘဒ္ဒန္တဓမ္မပီယ၊ ခရမ်းမြို့နယ် ကံသာကျောင်းတိုက်မှ ဘဒ္ဒန္တပညာဝံသ၊ မော်လမြိုင်မြို့ ပဏ္ဍိတာရုံ ပရိယတ္တိစာသင်တိုက်မှ ဒေါက်တာ ဘဒ္ဒန္တ ပဏ္ဍိတာ ဘိဝံသ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ဟင်္သာတမိုးကုတ်ဝိပဿနာဓမ္မရိပ်သာမှ ဘဒ္ဒန္တသုန္ဒရနှင့် မုဒုံမြို့နယ် ဇိနရုံသီ ပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တနန္ဒနတို့က အလှူငွေကျပ် သိန်း ၂၀ စီ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် မိုးကုတ်ဝိပဿနာ ရွှေခြံဓမ္မရိပ်သာ မှ ဘဒ္ဒန္တဇာဂရိယက အလှူငွေကျပ် ၁၅ သိန်း၊ မှော်ဘီမြို့နယ် ကိုးလုံးကွင်း ပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တဃောသိတ၊ လှိုင်သာယာမြို့နယ် စန္ဒာရာမ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဘဒ္ဒန္တစန္ဒာဝရ၊ စဉ့်ကိုင်မြို့ မိုးကုတ်ဝိပဿနာ မဟာစေတြာရာမကျောင်းတိုက်မှ ဘဒ္ဒန္တစန္ဒာသီရိ၊ မင်္ဂလာဒုံမြို့နယ် ဆင်ဖုန် ဒက္ခိဏာရုံကျောင်းမှ ဘဒ္ဒန္တဝါယာမိန္ဒ၊ စဉ့်ကိုင်မြို့ တောမ တောင်ပေါ်တောရကျောင်းမှ ဘဒ္ဒန္တပညာဝံသနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဓမ္မဂုဏ်ရည်သီလရှင်စာသင်တိုက်မှ ဒေါ်ခေမာရီတို့က အလှူငွေကျပ် ၁၀ သိန်းစီ၊ ရန်ကင်းမြို့နယ်မှ သီဟသုဓမ္မသိင်္ဂီ ဒေါ်သန်းမြမိသားစုနှင့် ဦးနိုင်အေး- ဒေါ်နှင်းသက်ကျော်နိုင် (Myanmar First Asia Group of Companies) မိသားစုတို့က အလှူငွေကျပ် သိန်း ၁၀၀၀ စီ၊ ဗဟန်းမြို့နယ်မှ သုဓမ္မဇောတဓရ ဦးစိုးသန်းထွန်း- ဒေါ်ခင်မေသန်း (ပွင့်သစ်စမ်းမိသားစုကုမ္ပဏီ)နှင့် ဦးကျော်ကျော်ဦး-သီရိသုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းစိန် မိသားစုတို့က အလှူငွေကျပ် သိန်း ၅၀၀ စီ၊ SME Development Bank ဒုတိယဥက္ကဋ္ဌ အမှုဆောင်အရာရှိချုပ် ဒေါက်တာဇေယျာညွန့်- သီရိသုဓမ္မသိင်္ဂီ ဒေါ်အိသန္တာဘိုမိသားစုက အလှူငွေကျပ် သိန်း ၃၀၀၊ ပန်းဘဲတန်းမြို့ နယ်မှ ဒေါ်ကြည်ကြည်လွင် (ခ)ဒေါ်ကြူကြူ (ခေတ်ဆန်း စကြာရွှေရည် စိန်ရွှေရတနာလုပ်ငန်းက ငွေကျပ်သိန်း ၁၅၀၊ စမ်းချောင်းမြို့နယ် ယုဇနစီးပွားရေး စင်တာမှ ဒေါ်သီတာအောင်က အလှူငွေကျပ် ၇၅ သိန်း၊ Strong Source Holding Co.,Ltd အမှုဆောင်အရာရှိချုပ် ဦးစိုးနိုင်က အလှူငွေကျပ် သိန်း ၅၀ စုစုပေါင်း ငွေကျပ် ၄၀၅၅ သိန်း၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ဦးသိန်းမောင်- ဒေါ်ပါးပါး(စန္ဒီပရဆေး)မိသားစုက အလှူငွေကျပ် သိန်း ၁၀၀ နှင့် ၈၀၀၀ ကျပ်၊ ပရိယတ္တိစာအောင်ဆုပဒေသာပင်အတွက် ဗဟန်းမြို့နယ် ဇေယျသိဒ္ဓိ သီလရှင်စာသင်တိုက်မှ ဒေါ်ခေမာစာရီ က အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

အခမ်းအနားသို့ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃၁

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖုန်းမြတ်သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**



ဒုတိယဝန်ကြီးသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် လေးထပ်ကျောင်းသူ အိပ်ဆောင်၊ ရှစ်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့များက စနစ်တကျ စစ်ဆေးကြပ်မတ်ရန်၊ သက်ဆိုင်ရာ ကုမ္ပဏီများကလည်း လုပ်ငန်းများကို စေတနာထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ကာလအလွန် ပညာသင်ကြားနိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ စည်းကမ်းချက်များနှင့်အညီ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ စားရိပ်သာတို့တွင် Social Distancing နှင့်အညီ ခင်းကျင်းစီမံဆောင်ရွက်ထားမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးက ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများကို တွေ့ဆုံမှာကြားရာတွင် ကျောင်းသား ကျောင်းသူများသည် နယ်စပ်ဒေသအသီးသီးတွင် နေထိုင်သူများဖြစ်ပြီး အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်အမျိုးမျိုးရှိသူများဖြစ်၍ ဆရာ ဆရာမများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်စေရေး လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ၏ လက်ရှိဖြစ်ပွားမှု အခြေအနေအရ ရောဂါကူးစက်နှုန်းမြန်ဆန်ပြီး အတည်ပြုလူနာ များပြားလာသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ရောဂါကြိုတင်ကာကွယ်ရေး ထုတ်ပြန်ချက်များကို တိတိကျကျ လိုက်နာသွားရန် လိုအပ်ကြောင်း။

လက်ရှိကျောင်းများ ပိတ်ထားရသော်လည်း ဆရာ ဆရာမများအနေဖြင့် မိမိဘာသာရပ်များကို ပိုမိုတိုးတက်စေရန် Online စနစ်ဖြင့် လေ့လာရေး၊ ခေတ်မီသင်ကြားနည်းစနစ်များကိုလေ့လာ၍ ဌာနအတွင်း ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပါမောက္ခချုပ်များကော်မတီမှ ကြီးမှူးကျင်းပသော အဆင့်မြင့်ပညာကဏ္ဍ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များပညာရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အသိပညာပြန့်ပွားရေး Online Zoom Presentation များကိုလည်း တက်ရောက် လေ့လာသင်ယူပြီး သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်ရန် လိုပါကြောင်း၊ ယခုအချိန်တွင် မိမိတို့ကျောင်း၏ ဥပမိရုပ်သာယာလှပစေရေး စီမံဆောင်ရွက်ထားကြရန်လိုပါကြောင်း၊ ကိုဗစ်-၁၉ နှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် ဖြစ်နိုင်ခြေများကို ကျန်းမာရေးအသိ၊ ပညာရေး၊ လူမှုရေးရှုထောင့်များဖြင့် ကြိုတင်မျှော်တွေးစဉ်းစားသုံးသပ် ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထို့နောက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နှစ်ထပ်စားရိပ်သာ၊ စတိုဆောင်၊ ကျောင်းအုပ်ကြီးနေအိမ် စသည့် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဝါးခယ်မမြို့နယ်ရှိ ဒေသခံများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေး

ဝါးခယ်မ ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကျေးရွာများအရောက် သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲကို ယမန်နေ့က ရွှေလောင်းကျေးရွာအုပ်စု အ.ထ.က (ရွှေလောင်း) ကျောင်း၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်မှုများနှင့်အညီ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က မိမိတို့ဌာနအနေဖြင့် ပြည်သူတို့၏ အဓိကလိုအပ်ချက်ဖြစ်သော နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးရေး လုပ်ငန်းကို သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများ၌ ဆောင်ရွက်ပေးနေသည့်အပြင် သစ္စာစီမံချက်ရေးဆွဲကာ စက်ရုံအလုပ်ရုံ၊ စက်မှုဇုန်များ၊ စာသင်ကျောင်းများ၊ ရပ်ကွက်/ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးပိုင်ခွင့် ရရှိစေရေးအတွက် မဲစာရင်းတွင် ပါဝင်သူများကို ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ရရှိထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှအေးက နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်မှုနှင့်ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် ကျေးရွာ ၁၄ ရွာမှ ဒေသခံပြည်သူစုစုပေါင်း ၁၀၇၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များကို တာဝန်ရှိသူများက ကျေးရွာနေသူတစ်ဦးချင်းထံ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

# ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ဆမီးမြို့တို့ရှိ တိုက်ပွဲရှောင်အိမ်ထောင်စုများ၊ သက်ကြီးဘိုးဘွားများအတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်နှင့် ပုံမှန်စားနပ်ရိက္ခာ ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၃၁**

ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ဆမီးမြို့တို့ရှိ တိုက်ပွဲရှောင်အိမ်ထောင်စုများ၊ အသက် (၈၀) နှင့်အထက် (၈၅) နှစ်အောက် ဘိုးဘွားများအတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ပုံမှန်စားနပ်ရိက္ခာထောက်ပံ့မှု အစီအစဉ်အရ ပလက်ဝမြို့နယ် တိန်းလက်ဝကျေးရွာရှိ တိုက်ပွဲရှောင်သူများအတွက် စားနပ်ရိက္ခာ သုံးလစာ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ယနေ့ မွန်းလွဲပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ချင်းပြည်နယ် လူမှုရေးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ချင်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ပေးကြသော ညွှန်ကြားရေးမှူးများ ပါဝင်တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ပြည်နယ်ငါးခုရှိ တိုက်ပွဲရှောင်စခန်းများနှင့် IDP စခန်းများတွင် နေထိုင်ကြသည့် အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများ ဝယ်ယူနိုင်ရန် အိမ်ထောင်စုအလိုက် ငွေကြေးထောက်ပံ့ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အသက် (၈၀) နှင့်အထက် (၈၅) နှစ်အောက် ဘိုးဘွားများအား ကိုဗစ်-၁၉ ကာလ အထူးလူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့မှုများ ပေးအပ်လျက်ရှိကြောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် ထပ်မံစာရင်းကောက်ယူရရှိသော မသန်စွမ်းသူများအား ငွေကြေး ထောက်ပံ့ခြင်းများကို ပေးအပ်လျက်ရှိကြောင်း။

**လက်တွေ့ဖြေရှင်းပေး**

ထို့အပြင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်၍ ဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး စီမံချက်များအရ တိုက်ပွဲရှောင်စခန်းများ၊ IDP စခန်းများတွင် ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးခြင်းကို ကျယ်ပြန့်ထိရောက်စွာနှင့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် အသိပညာပေးနှိုးဆော် အကြံပြုချက်များ ထည့်သွင်းထားသော Memory Stick များနှင့် လက်ကိုင်အသံချဲ့စက်များ ပံ့ပိုးခြင်း၊ Mask ၊ Face Shield ၊



လက်ဆေးဆပ်ပြာ၊ ဘေစင်၊ အပူချိန်တိုင်းကိရိယာများနှင့် ရေရရှိရေး ပံ့ပိုးပေးခြင်း၊ စခန်းများတွင် သံသယလူနာတွေ့ရှိပါက သီးခြားခွဲ၍ နေထိုင်နိုင်ရန် Long House များ တည်ဆောက်နိုင်ရန် ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုထောက်ပံ့မှုများသည် ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ၏ အခက်အခဲများကို လက်တွေ့ဖြေရှင်း ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

ထို့အပြင် ချင်းပြည်နယ်အတွင်း မိမိတို့ဝန်ကြီးဌာနက ပုံမှန်ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ယခုအခါ၌ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု များပြားလာသဖြင့်လည်းကောင်း၊ ချင်းပြည်နယ်သည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများပြားသော အိန္ဒိယနိုင်ငံနှင့် ဆက်စပ်မှုရှိသောကြောင့်လည်းကောင်း အထူးသတိပြုရန်နှင့် မိမိတို့အနေဖြင့် လိုအပ်ချက်များကို ပူးပေါင်းဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် ပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က ချင်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းနှင့် IDP စခန်းများတွင် နေထိုင်ကြသူများ၊ ပြည်နယ်အတွင်းရှိ သက်ကြီးရွယ်အို ဘိုးဘွားများအတွက် ထောက်ပံ့မှုများကို အကျိုးခံစားခွင့်ရှိသူများလက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည် ဖြစ်ကြောင်း၊ ထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို စနစ်တကျ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် ပလက်ဝနှင့် ဆမီးမြို့တို့ရှိ တိုက်ပွဲရှောင်အိမ်ထောင်စု ၁၉၈၂ (ထောင့်ကိုးရာ ရှစ်ဆယ့်နှစ်) စုအတွက် ထောက်ပံ့ငွေကျပ် ၇၉ ဒသမ ၂၈ သန်း၊ တိန်းလက်ဝကျေးရွာရှိ တိုက်ပွဲရှောင်အိမ်ထောင်စု ၁၇၉ စု၊ လူဦးရေ ၉၂၁ ဦးအတွက် စားနပ်ရိက္ခာ သုံးလစာ ထောက်ပံ့ငွေကျပ် ၃၃၃၃၀၉၀၀ ၊ ပလက်ဝမြို့နယ်အတွင်းရှိ အသက် (၈၀)နှစ်နှင့်အထက် (၈၅) နှစ်အောက် ဘိုးဘွား ၁၈၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၅ ဒသမ ၅၂ သန်းတို့ကို ချင်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးများက ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ချင်းပြည်နယ်အတွင်း စာရင်းကောက်ယူရရှိသော မသန်စွမ်းသူဦးရေ ၆၁၃၀ ဦးတို့အတွက် လွှဲအပ်ပြီးဖြစ်သော ငွေကျပ် ၁၈၃ ဒသမ ၉ သန်းကို မသန်စွမ်းသူများ လက်ဝယ်အရောက် ပေးအပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# အတ္တရံမြစ်ကူး (စံပယ်ဂူ) တံတားစီမံကိန်းနှင့် မော်လမြိုင်မြို့ ကျိုက်သလွံဘုရားကုန်းတော်နှင့် စေတီတော် ရေရှည်တည်တံ့ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် ယနေ့ နံနက်ပိုင်းတွင် ကျိုက်မရော - စံပယ်ဂူ - ကော့ပနော့လမ်းပေါ်ရှိ အတ္တရံမြစ်ကူး (စံပယ်ဂူ)တံတား တည်ဆောက်ရေးစီမံကိန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်းတံတား ရှင်းလင်းဆောင်တွင် တံတားအထူးအဖွဲ့(၁၄) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မိုးလွင်က တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများအား ပါဝါပွိုင့်ဖြင့်လည်းကောင်း၊ ယင်းနောက် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က တံတား၏ Structural Design နှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းသည်။

**ဆုံးဖြတ်ချက်များ ချမှတ်ပေး**

ထို့နောက် ဒုတိယဝန်ကြီးက ကြိုး တင်းအားများနှင့် ပတ်သက်၍လည်းကောင်း၊ Bearing များ၊ Expansion Joint များနှင့်ပတ်သက်၍လည်းကောင်း ဆုံးဖြတ်ချက်များ ချမှတ်ပေးခဲ့ပြီး တံတားလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အတ္တရံမြစ်ကူး (စံပယ်ဂူ) တံတားသည် အရှည် ၆၄၄ ဒသမ ၁ မီတာ ၊ ယာဉ်သွားလမ်း အကျယ် ၇ ဒသမ ၂၀ မီတာ နှစ်လမ်းသွား အမျိုးအစားဖြစ်ပြီး ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်နှင့် တံတားအပေါ်ထည်မှာ ပင်မတံတားမှ သံမဏိသံပေါင်ခုံတံတားနှင့် ချဉ်းကပ်တံတားမှ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းအမျိုးအစားဖြစ်ပြီး တံတားစီမံကိန်းကို ယခုအခါ တံတားတစ်စင်းလုံး၏ ၉၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ တံတားပြီးစီးသွားပါက ကျိုက်မရောမြို့ပေါ် လေးရပ်ကွက် အပါအဝင် မြစ်၏အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိ ကျေးရွာပေါင်း ၁၅၈ ရွာမှ လူဦးရေ နှစ်သိန်းကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံဘုရား ကုန်းတော်နှင့် စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဘုရားရင်ပြင်ပေါ်ရှိ ဓမ္မာရုံတွင် ဘုရားပြုပြင်တည်ဆောက်ရေး တာဝန်ခံက ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် တည်ဆောက်ရေး ဇုန် (၁) နှင့် (၄) တွင် ဆောင်ရွက်လျက်ရှိသော Bored Pile အုတ်မြစ်တည်ဆောက်ခြင်း၊ Pile Capping Beam များ၊ အထက်ပိုင်း မြေကာနံရံ တည်ဆောက်ခြင်း၊ Ground Beam၊ Grid Beam များ ဆောင်ရွက်ခြင်း၊ Erossion Control Matt များ ဆောင်ရွက်ခြင်း၊ Ground Anchor ဆောင်ရွက်ပြီး မြက်စိုက်ခြင်းလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေမှုအားလည်းကောင်း၊ တည်ဆောက်ရေးဇုန် (၂) တွင်လည်း ကုန်းတော်မြေပြိုကျမှု ကာကွယ်ရန် Ground Beam များ၊ Erossion Control Matt ဆောင်ရွက်ခြင်း၊ အောက်ခြေ မြေကာနံရံများ တည်ဆောက်ခြင်း၊ မြက်စိုက်ခြင်းလုပ်ငန်းများ အားလုံး ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေမှုအားလည်းကောင်း၊ တည်ဆောက်ရေးဇုန် (၃) တွင်လည်း Ground Beam၊ Grid Beam များ ဆောင်ရွက်ခြင်း၊ Erossion Control Matt များ ဆောင်ရွက်ခြင်း၊ Soil-nailing ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ ဇုန်တစ်ခုလုံး၏ ၇၁ ရာခိုင်နှုန်း ပြီးစီးနေမှုအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဘုရားရင်ပြင်တော်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကိုကိုးကျွန်းမြို့နယ်၌ ဆိုလာဟိုက်ဒရောလစ်ဓာတ်အားပေးစက် တည်ဆောက်မည်

**ရန်ကုန် ဩဂုတ် ၃၁**

၂၀၂၀-၂၀၂၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး လျှပ်စစ်မီးလင်းရေး စီမံကိန်းကို နိုင်ငံတော်က ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်းရှိ ကိုကိုးကျွန်းမြို့နယ်တွင်လည်း လျှပ်စစ်မီးရရှိရန်အတွက် နေရောင်ခြည်သုံး ဆိုလာဟိုက်ဒရောလစ် ဓာတ်အားပေးစက်ကို ကျပ်သန်းပေါင်း ၃၀၀၀ ဖြင့် တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဟိုက်ဒရောလစ် ဓာတ်အားပေးစက်ကို စက်တင်ဘာလတွင် စတင်တည်ဆောက်တော့မည်ဖြစ်ပြီး ဒီဇင်ဘာလတွင် ပြီးစီးရန် လျာထားကြောင်း သိရသည်။ လက်ရှိတွင် ကိုကိုးကျွန်းမြို့နယ်၌ ညနေ ၆ နာရီမှ ည ၁၂ နာရီအထိ ၃၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် လျှပ်စစ်မီး အသုံးပြုလျက်ရှိကာ ၂၄ နာရီ အသုံးပြုနိုင်ရန် Hybrid System ဖြင့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ကို စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ကိုကိုးကျွန်းမြို့နယ်မှာ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဟိုက်ဒရောလစ် ဓာတ်အားပေးစက်ကို ဒီဇင်ဘာလမှာ ပြီးစီးဖို့ ခန့်မှန်းထားပါတယ်။ ဆိုလာစနစ်နဲ့ မီးလင်းနိုင်ရေးလုပ်ငန်းစီမံချက်ကို ဆောင်ရွက်ထားတာပါ။ လျှပ်စစ်မီး ရရှိပြီဆိုရင် ၂၄ နာရီ အသုံးပြုနိုင်မှာဖြစ်တဲ့အတွက် မြို့နယ်ရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးကဏ္ဍ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ပါပြီ။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရဘတ်ဂျက်ထဲက သန်း ၃၀၀၀ နဲ့ နေရောင်ခြည်စွမ်းအင်သုံး ဟိုက်ဒရောလစ် ဓာတ်အားပေးစက် တည်ဆောက်မှုကို တင်ဒါစိစစ်ပြီးတော့ ၂၀၂၀ ဒီဇင်ဘာလကုန်အပြီး လျှပ်စစ်မီးရရှိဖို့ ခန့်မှန်းထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီဥက္ကဋ္ဌ ဒေါ်စန္ဒာမင်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်မှုသည် အရေးပါသည့်အပြင် ကိုကိုးကျွန်းမြို့နယ်၌ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် အပန်းဖြေစခန်းများ တည်ဆောက်နိုင်ရန် လျှပ်စစ်မီးရရှိမှုသည် အထူးအရေးပါသောကြောင့် မြန်မာ့ပင်လယ်ပြင်ထဲရှိ ကိုကိုးကျွန်းတွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ရရှိအသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဟိုက်ဒရောလစ် ဓာတ်အားပေးစက်ကို ယခုနှစ် နှစ်ကုန်ပိုင်းတွင်ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကိုကိုးကျွန်းမြို့နယ် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဟိုက်ဒရောလစ် ဓာတ်အားလိုင်းအတွက် ဆက်စပ်ပစ္စည်းများကို ရန်ကုန်ဆိပ်ကမ်းမှ ပို့ဆောင်နေစဉ်။

**သန်းထိုက်**

# ကိုဗစ် - ၁၉ ဗိုင်းရပ်စ်ကို ကာကွယ်တိုက်ဖျက်နေသော ခန္ဓာကိုယ်၏ ခုခံအားစနစ်

**ပါမောက္ခ ဒေါက်တာမောင်**

### ရောဂါပိုးများ ဝိုင်းရံထားသော လူသားများ

လူ့ဘဝကို စတင်ရရှိသည့်နေ့သည် ရောဂါပိုးများ ပတ်လည်ဝိုင်းနေသောဘဝကို စတင်လိုက်ရခြင်းဖြစ်သည်။

ခန္ဓာကိုယ်ကို ဖျက်ဆီးပစ်မည့် ရောဂါပိုးများစွာသည် စာရေးသူတို့အား ဝိုင်းရံထားကြသည်။ ဗိုင်းရပ်စ်များ၊ ဗက်တီးရီးယားများ၊ မှိုများ၊ ပရိုတိုဇွာများသည် ခန္ဓာကိုယ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် အချိန်နှင့်အမျှ ကြိုးစားနေကြသည်။ စင်စစ် ထိုသတ္တဝါကလေးများသည် သူတို့ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ပြုလုပ်နေကြခြင်း ဖြစ်သည်။

သို့ရာတွင် စာရေးသူတို့၏ ခန္ဓာကိုယ်တွင်လည်း မိမိကိုယ်ကို ရှင်သန်ရပ်တည်နိုင်စေသော ခုခံအားစနစ် ရှိနေသည်။ ထိုခုခံအားစနစ်ကြောင့်သာမဟုတ်လျှင် အသက်ရှင်နေနိုင်မည် မဟုတ်ချေ။ ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို တစ်ကိုယ်လုံးအနှံ့ရှိ ကာကွယ်ရေးဆဲလ်များက ဆောင်ရွက်ကြသည်။

### ရင်ဆိုင်တိုက်ပွဲနှင့် ရေရှည်စစ်ပွဲ ဆင်နွှဲနေသော ကာကွယ်ရေးဆဲလ်များ

တစ်ကိုယ်လုံးကို ဖုံးအုပ်ထားသော အရေပြားသည် ခန္ဓာကိုယ်၏ ခံစစ်အုတ်တံတိုင်း ဖြစ်သည်။ ရောဂါပိုးများသည် အရေပြားကို ထိုးဖောက်နိုင်စွမ်း မရှိကြချေ။ သို့တိုင် လစ်ဟာနေသော နေရာသုံးနေရာ ရှိနေသည်။ ထိုနေရာများမှာ ရောဂါပိုးများ ထိုးဖောက်နိုင်သော နေရာများဖြစ်သည့် မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်တို့ ဖြစ်ကြသည်။ ထို့ကြောင့် နှာခေါင်းစည်းကို စည်းထားခြင်းသည် ခုခံအားစနစ်၏ အားနည်းချက်ကို ကာကွယ်ထားခြင်းဖြစ်သည်။

ပေါက်ပြဲသွားသော အရေပြားမှသော်လည်းကောင်း၊ နှာခေါင်းနှင့် ပါးစပ်မှလည်းကောင်း ဝင်လာသော ရောဂါပိုးများကို ကာကွယ်ရေးဆဲလ်များက ဆီးကြိုတိုက်ဖျက်ကြသည်။ ကာကွယ်ရေးဆဲလ်များသည် ရောဂါပိုးများကို ဖမ်းဆီးဝါးမျိုပစ်သော ရင်ဆိုင်တိုက်ပွဲကို ဆင်နွှဲကြသလို ထပ်မံဝင်ရောက်လာမည့် ရောဂါပိုးအတွက်လည်း ရေရှည်တိုက်ပွဲကို ဆင်နွှဲကြသည်။

ရင်ဆိုင်တိုက်ပွဲကို ချေမှုန်းရေးဆဲလ်များဖြစ်သော သွေးဖြူဥများ (Killer T Lymphocytes, neutrophils, eosinophils, basophils, monocytes) နှင့် ဒေသခံဆဲလ်များဖြစ်သော(mast cells, dendritic cells, natural killer(NK) cells, macrophages)များက ဆောင်ရွက်ကြသည်။ ထိုဆဲလ်များသည် ဝင်လာသော ရောဂါပိုးကို ရှေးဦးစွာနှင့် လျင်မြန်စွာ တုံ့ပြန်သော ရှေ့တန်းစစ်သားများ ဖြစ်ကြသည်။ သွေးဖြူဥများသည် လှည့်ကင်းဆောင်ရွက်နေသောဆဲလ်များ ဖြစ်ကြသည်။ သွေးကြောများအတွင်း လှည့်လည်သွားလာနေကြပြီး ရောဂါပိုးဝင်လာသည်နှင့် တွယ်ကပ်ဖမ်းယူပြီး ဝါးမျိုပစ်လိုက်ကြသည်။ ဒေသခံဆဲလ်များသည် ကင်းစခန်းများဖြစ်ကြပြီး ရောဂါပိုးများ ရောက်လာသည်နှင့် ချက်ချင်း ဖမ်းဆီး ဖျက်ဆီးနိုင်စွမ်း ရှိကြသည်။

ရိုးတွင်းချဉ်ဆီသည် ရေရှည်တိုက်ပွဲကို ဆင်နွှဲနိုင်သော သွေးဖြူဥများဖြစ်သည့် B Lymphocytes နှင့် T Lymphocytes များကို ထုတ်ပေးသည်။ ထိုဆဲလ်များသည် တစ်ကြိမ်ဝင်ရောက်ခဲ့ဖူးသော ရောဂါပိုးကို မှတ်သားထားနိုင်စွမ်း ရှိကြသည်။ B Lymphocytes များသည် ဝင်လာသောရောဂါပိုး၏ အစွမ်းကို ချေဖျက်ပစ်နိုင်သော ပဋိပစ္စည်း(Antibodies)များကိုထုတ်ပေးသည့် ဆဲလ်များဖြစ်သည်။ ထိုပဋိပစ္စည်းများသည် ရောဂါပိုးတစ်မျိုးအတွက် သီးခြားသတ်မှတ်ထားသော လက်နက်များဖြစ်ကြပြီး ထိုရောဂါပိုး ထပ်မံဝင်ရောက်လာနိုင်ခြင်းကို ကြိုတင်ကာကွယ်ထားခြင်းဖြစ်သည်။ T Lymphocytes (Killer T cell, Helper T cells)များသည်လည်း တစ်ကြိမ် ဝင်ရောက်ခဲ့ဖူးသော ရောဂါပိုးကို မှတ်သားထားနိုင်စွမ်း ရှိကြသည်။ ထပ်မံဝင်လာပါက ပိုမိုလျင်မြန်စွာ ဝါးမျိုဖျက်ဆီးနိုင်စွမ်း ရှိကြသည်။ ထို့ကြောင့် ရောဂါဖြစ်ခဲ့ဖူးပြီး အောင်မြင်စွာ ခုခံနိုင်ခဲ့သူများသည် ထိုရောဂါကို ခံနိုင်စွမ်းရှိလာကြသည်။ ကာကွယ်ဆေးထိုးခြင်း၏ အခြေခံလည်းဖြစ်သည်။

### ကိုဗစ်-၁၉ ဗိုင်းရပ်စ် ဝင်လာလျှင်

ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ရောဂါရှိသူ စကားပြော၊ ချောင်းဆိုး၊ နှာချေရာမှ ထွက်လာသော အစက်အမှုန်များနှင့်အတူ ပါရှိလာသည်။ ထိုအစက်အမှုန်များသည် အနီးအနား(ခြောက်ပေ အကွာအဝေးအတွင်း)ရှိ နှာခေါင်းစည်းနှင့် ကာကွယ်မထားသောသူ၏ အသက်ရှူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်သွားသည်။

အသက်ရှူလမ်းကြောင်း ဆဲလ်များကို ထိုးဖောက်ဝင်ရောက်သွားသည်နှင့် ဒေသခံ ကာကွယ်ရေးဆဲလ်များက ဆီးကြိုတိုက်ဖျက်ကြသည်။ သွေးထဲတွင် လှည့်လည်နေသော ချေမှုန်းရေးဆဲလ်များလည်း စုပြုံရောက်လာကြပြီး ဗိုင်းရပ်စ်ကို ဝါးမျိုဖျက်ဆီးကြသည်။



ဒေသခံဆဲလ်တစ်ခုဖြစ်သည့် Mast cell သည် ဗိုင်းရပ်စ်ကို တိုက်ဖျက်နေစဉ် Cytokines ဟုခေါ်သော မော်လီကျူးတစ်မျိုးကို ထုတ်ပေးသည်။ ထိုမော်လီကျူးသည် ရောဂါပိုးကိုတုံ့ပြန်သော ခုခံအားစနစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း ပတ်ဝန်းကျင်ရှိ ဆဲလ်များကိုပါ ပျက်စီးစေသည်။ အချို့လူနာများတွင် Mast cell များက အဆမတန်များပြားသော Cytokines များကို ထုတ်ပေးသဖြင့် ပြင်းထန်ဆိုးရွားသော ရောဂါလက္ခဏာများကို ခံစားကြရသည်။

သို့ရာတွင် University of Oxford ၏ လေ့လာချက်တစ်ရပ်၌ ၄၀ မှ ၆၀ ရာခိုင်နှုန်းသော လူများတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို အလွန်ထိရောက်စွာ တိုက်ဖျက်နိုင်သော T Lymphocytes များ ရှိနှင့်နေကြကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ထိုတက္ကသိုလ်က စမ်းသပ်ထုတ်ဖော်နေသော ကာကွယ်ဆေးသည် အစွမ်းထက်သော T Lymphocytes များ ထွက်ပေါ်လာစေရန် ဦးတည်ထားသည်။

ထို့အပြင် ရေရှည်စစ်ပွဲကိုဆင်နွှဲသည့် ကာကွယ်ရေးဆဲလ်များဖြစ်သော B Lymphocytes များသည်လည်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင် ပါဝင်ကြသည်။ ထိုဆဲလ်များသည် အံ့မခန်း အစွမ်းထက်သောဆဲလ်များ ဖြစ်ကြသည်။ ဝင်လာသော ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို အတိအကျ ချေမှုန်းနိုင်သော ပဋိပစ္စည်းများကို ထုတ်ပေးနိုင်စွမ်း ရှိရုံမျှမက ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို မှတ်သားထားနိုင်စွမ်းလည်း ရှိသည်။ နောက်တစ်ကြိမ် ထပ်မံဝင်လာလျှင် ပထမအကြိမ်ထက် ပိုမိုလျင်မြန်စွာ တုံ့ပြန်နိုင်စွမ်းရှိကြသည်။

B Lymphocytes မှ ထုတ်ပေးသော ပဋိပစ္စည်းများသည် ဗိုင်းရပ်စ်ကို ဝိုင်းအုံတွယ်ကပ်ကြသည်။ ထိုအခါ ဗိုင်းရပ်စ်သည် လေရှူပြွန်ဆဲလ်များအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်စွမ်း မရှိတော့ဘဲ ပေါက်ကွဲပျက်စီးသွားသည်။ ပဋိပစ္စည်းများတွယ်ကပ်ထားသော ဗိုင်းရပ်စ်သည် လေဆာရောင်ခြည်ဖြင့်ထိုးထားသော ပစ်မှတ်ကဲ့သို့ ဖြစ်နေပြီး ချေမှုန်းရေးဆဲလ်များ၏ အလွယ်တကူ ချေမှုန်းခြင်းကို ခံရတော့သည်။

ဖော်ပြခဲ့သော ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို အားဖြည့်ပေးနေသောအကြောင်းများ ရှိနေသည်။ ထိုအကြောင်းများအနက် စားသောက်နေသော အာဟာရ၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းနှင့် စိတ်ကျန်းမာရေးတို့သည် အရေးကြီးသောအကြောင်းများ ဖြစ်ကြသည်။ တစ်နည်းအားဖြင့် စိတ်ရောကိုယ်ပါ ကျန်းမာနေသောသူသည် ရောဂါပိုးများကို ခံနိုင်ရည်ရှိသောသူ ဖြစ်သည်။

### ခံနိုင်ရည်ရှိသောလူ

အာဟာရပြည့်ဝစွာ စားသောက်ခြင်းသည် ခုခံအားစနစ်ကို အားပြည့်နေစေကြောင်း သိထားကြပြီးဖြစ်သည်။ သို့သော် မည်သို့ စားသောက်ကြမည်နည်း။

အသင့်စားရန် ပြုလုပ်ထားသော အစားအစာများ (Junk foods)၊ အဆီများသော အစားအစာများ၊ အချိုများသော အစားအစာများသည် ရှောင်ရမည့် အစားအစာများ ဖြစ်လာသည်။ နေ့စဉ်စားသောက်နေသော ထမင်း၊ ဟင်းများကိုလည်း အာဟာရပြည့်စွာ စားနိုင်ရန် လိုအပ်လာသည်။

လွယ်ကူသောစီမံနည်းမှာ ဖြစ်နိုင်သမျှ အမည်စုံလင်စွာ ပါဝင်ရန်ဖြစ်သည်။ အသီးအရွက်၊ အသား/ငါး/ဥနှင့် ပဲအမျိုးမျိုးတို့ အနည်းငယ်ဖြစ်စေ စုံလင်စွာပါဝင်ရန် ဖြစ်သည်။ အရောင်အသွေးစုံလင်သော ဟင်းလျာများဖြစ်သဖြင့် သက်တံရောင်ဟင်းလျာများဟု အလွယ်မှတ်သားနိုင်သည်။ မှန်ကန်သော အချိုးအစားမှာ(ပမာဏမဟုတ်) ပန်းကန်ပြားတစ်ချပ်တွင် ထမင်း၊ အသား/ ငါး/ ဥနှင့် ပဲတစ်မျိုးမျိုး၊ ဟင်းသီးဟင်းရွက်တို့ကို လေးချိုးတစ်ချိုးစီ အညီအမျှ ပါဝင်စေခြင်းဖြစ်သည်။ အသီးအနှံတစ်မျိုးမျိုးနှင့် ဒိန်ချဉ်တို့ကိုလည်း နေ့စဉ် စားသောက်သင့်သည်။

'ဗီတာမင် ဒီ'သည် ခုခံအားစနစ်နှင့် ဆက်နွှယ်နေသည်။ ဗီတာမင်ဒီ ရရှိရန် တစ်နေ့လျှင် ၁၅ မိနစ်မျှ နေရောင်ခြည်နှင့် ထိတွေ့ပေးရန် လိုအပ်သည်။ ကြက်ဥ၊ ဘဲဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ အဆီများသောငါးများသည် ဗီတာမင်ဒီ ပြည့်ဝသော အစားအစာများ ဖြစ်ကြသည်။ ဗီတာမင်ဒီ ဖြည့်စွက်ထားသော ပဲနို့ရည်၊ ကွေကာအုတ်၊ လိမ္မော်ရည်တို့ကိုလည်း သရေစာအဖြစ် စားသောက်နိုင်သည်။

American Journal of Lifestyle စာစောင်က နေ့စဉ်ပုံမှန် မိနစ် ၃၀ ခန့် လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ခုခံအားစနစ်ကို အင်အားပြည့်ဝနေစေကြောင်း ၂၀၁၁ ခုနှစ်က စတင်ဖော်ပြခဲ့သည်။

အိမ်တွင်းတွင် ပြုလုပ်နိုင်သော လေ့ကျင့်ခန်းများ များစွာရှိနေသည်။ YouTube တွင်လည်း ရှာဖွေနိုင်သည်။ Indoor Walking Workout, Walking at Home, 10000 Indoor Step Challenge တို့သည် အိမ်တွင်း လမ်းလျှောက်လေ့ကျင့်ခန်းများ ဖြစ်ကြသည်။ ထို့အပြင် အိပ်ထမတင်လေ့ကျင့်ခန်း၊ ဖားခုန်လေ့ကျင့်ခန်း၊ ဒူးမြှောက် လေ့ကျင့်ခန်း၊ လက်ဆန့် ခြေကား လေ့ကျင့်ခန်း၊ ပျဉ်ချပ်(Plank) လေ့ကျင့်ခန်းတို့သည် လူငယ်နှင့် လူလတ်ပိုင်းအရွယ်များ ပြုလုပ်နိုင်သော လေ့ကျင့်ခန်းများ ဖြစ်ကြသည်။

လူကြီးပိုင်းများနှင့် သင့်လျော်သော လေ့ကျင့်ခန်းမှာ စင်္ကြံလျှောက်ခြင်း ဖြစ်သည်။ အလျား ၁၀ ပေ ခန့်ရှိသော နေရာတွင် ခြေလှမ်းများကို အာရုံစိုက်၍ ခေါက်တုံ့ခေါက်ပြန် ၄၅ မိနစ်ခန့် လျှောက်ခြင်းဖြစ်သည်။

ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို အားနည်းသွားစေသော အခြားအကြောင်းနှစ်ရပ်မှာ စိတ်ဖိစီးခြင်းနှင့် နှစ်ခြိုက်စွာ အိပ်မပျော်ခြင်းတို့ ဖြစ်ကြသည်။ စိတ်ဖိစီးခြင်းနှင့် အိပ်မပျော်ခြင်းတို့ကို ကျော်လွှားနိုင်သောနည်းမှာ စာရေးသူတို့နှင့် ရင်းနှီးပြီးဖြစ်သော သတိပဋ္ဌာန် ရှုမှတ်ခြင်း ဖြစ်သည်။

သတိပဋ္ဌာန် ရှုမှတ်ခြင်းသည် ခုခံအားစနစ်ကို မောင်းနှင်နေသော ဦးနှောက်၏ အစိတ်အပိုင်းများ (Prefrontal cortex, Right anterior insula, Right hippocampus) ၏ ထုထည်ပမာဏကို ကြီးမားလာပြီး ပိုမိုအားကောင်းလာစေကြောင်းလည်း တွေ့ရှိကြသည်။

သတိပဋ္ဌာန် ရှုမှတ်နေချိန်တွင် ကာကွယ်ရေးဆဲလ်များဖြစ်သော Natural Killer(NK) cells များနှင့် B Lymphocytes များသည် သွေးထဲသို့ များပြားစွာထွက်လာကြကြောင်း လေ့လာမှုတစ်ခုက ဖော်ပြထားသည်။

လေ့လာတွေ့ရှိချက်များက သတိပဋ္ဌာန် ရှုမှတ်ခြင်းဖြင့် ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို အားပြည့်နေစေပြီး ဝင်လာသော ရောဂါပိုးများကို ခံနိုင်စွမ်းရှိလာမည်ဖြစ်ကြောင်း ဖော်ပြနေကြသည်။

ထို့ကြောင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်နှင့် ရေရှည်စစ်ပွဲဆင်နွှဲရမည့် ယခုအချိန်သည် ဆရာတော် သံဃာတော်တို့ထံ နည်းနာခံယူ၍ သတိပဋ္ဌာန်တရားကို အားထုတ်ကြရမည့် အချိန်လည်းဖြစ်သည်။

### အားခဲထားရမည့် ရေရှည်စစ်ပွဲ

ကိုဗစ်-၁၉ ကပ်ရောဂါမီးသည် ကမ္ဘာတစ်ဝန်းလုံးတွင် အရှိန်အဟုန်ဖြင့် တောက်လောင်နေဆဲ ဖြစ်သည်။ ယနေ့အထိ မီးညွန့်မကျိုးသေးချေ။ ထို့ကြောင့် လူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါမီး လောင်မြိုက်ခြင်းမခံရအောင် တတ်နိုင်သမျှ လူစုလူဝေးကို ရှောင်ကြဉ်၍ အိမ်တွင်း၌ နေထိုင်ကြရသည်။ လက်ကို မကြာခဏ ဆေးကြောကြရသည်။ အိမ်ပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ကြရသည်။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေကြရသည်။

ကမ္ဘာတစ်ဝန်းမှ ပညာရှင်များသည် ကပ်ရောဂါစတင်သည်နှင့် ကာကွယ်ဆေး ထွက်ပေါ်လာရန် အစွမ်းကုန် ကြိုးစားလျက်ရှိကြသည်။ ရုတ်တရက်ချက်ချင်း အသစ်ပေါ်ပေါက်လာသော ဗိုင်းရပ်စ်ဖြစ်သဖြင့် သုညမှစ၍ ကြိုးပမ်းနေကြရသည်။ ကာကွယ်ဆေးရရှိရန် အနည်းဆုံး တစ်နှစ်ခန့် ကြာမည်ဖြစ်သည်။ ထွက်ပေါ်လာလျှင်လည်း ထုတ်လုပ်ရန်၊ ဖြန့်ဖြူးရန် အမြန်ဆုံး ခြောက်လ ကြာမြင့်ဦးမည်ဖြစ်သည်။ ကာကွယ်ဆေးကို အားကိုးနိုင်ရန် နောက်ထပ် တစ်နှစ်ခွဲ အနည်းဆုံး စောင့်ရမည်ဖြစ်သည်။

ထို့ကြောင့် ကာကွယ်ဆေးထွက်ပေါ်မလာမီ အချိန်အတွင်း စာရေးသူတို့အားလုံးသည် မိမိ၏ ကိုယ်ခံအားစနစ်ပြည့်ဝကောင်းမွန်နေရန် မိမိကိုယ်တိုင် တည်ဆောက်ယူကြရတော့မည် ဖြစ်ပေသည်။ ။

**"သတိပဋ္ဌာန် ရှုမှတ်နေချိန်တွင် ကာကွယ်ရေးဆဲလ်များဖြစ်သော Natural Killer (NK) cells များနှင့် B Lymphocytes များသည် သွေးထဲသို့ များပြားစွာထွက်လာကြကြောင်း လေ့လာမှုတစ်ခုက ဖော်ပြထား။ လေ့လာတွေ့ရှိချက်များက သတိပဋ္ဌာန်ရှုမှတ်ခြင်းဖြင့် ခန္ဓာကိုယ်ခုခံအားစနစ်ကို အားပြည့်နေစေပြီး ဝင်လာသောရောဂါပိုးများကို ခံနိုင်စွမ်းရှိလာမည်ဖြစ်ကြောင်း ဖော်ပြနေ။ ထို့ကြောင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်နှင့် ရေရှည်စစ်ပွဲဆင်နွှဲရမည့် ယခု အချိန်သည် ဆရာတော် သံဃာတော်တို့ထံ နည်းနာခံယူ၍ သတိပဋ္ဌာန်တရားကို အားထုတ်ကြရမည့်အချိန်လည်းဖြစ်"**

# ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရွှေ့ပြောင်းရလဒ်များထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း၏ ရွှေ့ပြောင်းရလဒ်များ ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ဝန်ကြီးဌာနအသီးသီးမှ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan နှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO၊ INGO ၊ တက္ကသိုလ်များနှင့် လူမှုအဖွဲ့အစည်းများ၊ စိတ်ပါဝင်စားသူများသည် Online Meeting အဖြစ် Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

**ကော်မတီအဆင့်ဆင့် ဖွဲ့စည်း**

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်က ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ကြားကာလရှိ မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို အနီးစပ်ဆုံး မှန်ကန်စွာခန့်မှန်းနိုင်ရန် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan –MSDP) ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော အညွှန်းကိန်းများရရှိရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းလုပ်ငန်းစဉ်တွင် မူလက ရွှေ့ပြောင်းရလဒ် ထုတ်ပြန်ရန် အစီအစဉ်ပါဝင်ခြင်းမရှိသော်လည်း လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ကုစားရေးလုပ်ငန်းစဉ်များတွင်အသုံးပြုရန် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ လိုအပ်နေသည့် စာရင်းအင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်ရေးအတွက် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရွှေ့ပြောင်းရလဒ်များကို ထုတ်ပြန်ပေးနိုင်ရေးအတွက် စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် / မြို့နယ်အဆင့်အထိ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

သန်းခေါင်စာရင်းမေးခွန်းပုံစံပြုစုရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြုစုခဲ့ပြီး အခြားဌာနအဖွဲ့အစည်းများ၏ လိုအပ်နေသည့်အချက်အလက်များကို အတတ်နိုင်ဆုံး ထည့်သွင်းကောက်ယူပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာတွင် ယခင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအတွေ့အကြုံများကို အခြေခံ၍ ပိုမိုကောင်းမွန်သည့် ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ခြင်းကြောင့် အချိန်တိုအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြေပုံရေးဆွဲရာတွင် GIS နည်းပညာကိုအသုံးပြုခဲ့ပြီး စာရင်းကောက်ယူရာတွင်လည်း ခေတ်မီနည်းပညာ Computer – Assisted Personal Interviewing (CAPI) နည်းစနစ်ကို အသုံးပြုကာ Mobile Tablet များဖြင့် ကောက်ယူခဲ့ခြင်းကြောင့် အချက်အလက်သွင်းသည့်အချိန်ကို လျှော့ချနိုင်ခဲ့ပါကြောင်း၊ ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရာတွင် ခရိုင်အဆင့် ကိုယ်စားပြုအညွှန်းကိန်းများ ရရှိနိုင်ရေး ရည်ရွယ်ကောက်ယူခဲ့ခြင်းဖြစ်ပြီး လူဦးရေဆိုင်ရာ မေးခွန်းများ၊ လူမှုစီးပွားဆိုင်ရာ အချက်အလက်များဖြစ်သည့် ပညာရေးနှင့်လုပ်သားအင်အား မေးခွန်းများ၊ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းစသည့် လူဦးရေပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသော အကြောင်းအချက်များ၊ မသန်စွမ်းမှု၊ သက်ကြီးရွယ်အို၊ ဘဝပျော်ရွှင်မှု၊ အထောက်အပံ့ရရှိမှု စသည့်လူမှုဘဝလိုအပ်ချက်များကို ဖော်ထုတ်သည့် မေးခွန်းများ၊ အိမ်အကြောင်းအရာ၊ ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး စသည့် ဆက်စပ်မေးခွန်းများ မေးမြန်းခဲ့ခြင်းကြောင့် အညွှန်းကိန်းများစွာကို ဖော်ထုတ်ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း အချက်အလက်များသည် ကိုဗစ်-၁၉ နှင့် ကိုဗစ်-၁၉ အလွန်ကာလပြောင်းလဲမှုများ၊ ကိုဗစ်-၁၉ ၏နောက်ဆက်တွဲ အကျိုးဆက်များကို ဆန်းစစ်လေ့လာရန်နှင့် ကုစားရေးလုပ်ငန်းစဉ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွက် စနစ်တကျအကောင်အထည်ဖော်ရာတွင် များစွာအထောက်အပံ့ဖြစ်စေနိုင်ပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်အတွက်လိုအပ်နေသည့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များ၏ ရွှေ့ပြောင်းရလဒ်များကို အချိန်ကိုက်ပံ့ပိုးပေးနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ယခုရလဒ်များကို လူမှုစီးပွားရေးဆိုင်ရာ အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုကြပါရန် တိုက်တွန်းပါကြောင်း ရှင်းလင်းအမှာစကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ်က ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်က ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစဉ်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးက ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရွှေ့ပြောင်းရလဒ်ကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး / ပြည်နယ်အသီးသီး၌ ခရိုင်အဆင့် အညွှန်းကိန်းများရရှိစေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းကောက်ကွက်ပေါင်း ၃၉၆၀ ၊ အိမ်ထောင်စု ၁၃၂၀၉၂ စု၊ လူဦးရေ ၅၄၈၅၅၃ ဦးတို့ကို မေးခွန်းပေါင်း ၁၁၀ မေးမြန်းကောက်ယူခဲ့ပြီး ကောက်ကွက်များ သတ်မှတ်ကောက်ယူခဲ့ရာ ယခုအခါ ကြားဖြတ်သန်းခေါင်စာရင်း ရွှေ့ပြောင်းရလဒ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ပင်မအစီရင်ခံစာနှင့် သုတေသနစာတမ်းများ ဆက်လက်ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေမြန်ပြည်အေးချမ်းပြည့်ရောင်းဝယ်ရေး သမဝါယမအသင်းမှ ဖိုးချင်း(ချင်းမ)တံဆိပ်ဖြင့် ဝါးခယ်မမုန့်ဟင်းခါး (မုန့်ဟင်းရည်ခြောက်)ထုပ်များ ဖြန့်ဖြူးရောင်းချ

**ဝါးခယ်မ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ကုန်သွယ်မှုလုပ်ငန်းအမြင့်မားဆုံးစွမ်းဆောင်ဆုရ ရွှေမြန်ပြည်အေးချမ်းပြည့်ရောင်းဝယ်ရေး သမဝါယမအသင်းသည် ဝါးခယ်မမြို့နယ်အတွင်းနှင့် အနယ်နယ်အရပ်ရပ်ရှိ မုန့်ဟင်းခါးကို ကြိုက်နှစ်သက်သူများ အလွယ်တကူချက်၍ စားသုံးနိုင်ရန်အတွက် ဖိုးချင်း (ချင်းမ) တံဆိပ်ဖြင့် ဝါးခယ်မမုန့်ဟင်းခါး (မုန့်ဟင်းရည်ခြောက်) ထုပ်များကို လက်လီလက်ကား ရောင်းချပေးလျက်ရှိရာ မုန့်ဖတ်တစ်ပိဿာနှင့် အသင့်စားသုံးနိုင်သည့် မုန့်ဟင်းရည်ခြောက် တစ်ထုပ်လျှင် ငွေကျပ် ၄၀၀၀ ၊ မုန့်ဖတ်ငါးဆယ်ကျပ်သားနှင့် အသင့်စားသုံးနိုင်သည့် မုန့်ဟင်းရည်ခြောက် တစ်ထုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့နံနက် ၁၀ နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံများတွင် ယခုနှစ် ရေဝင်ရောက်မှုနည်းသော်လည်း ဆည်ရေဖြင့် မိုးစပါး ပုံမှန်စိုက်ပျိုး

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၌ ယခုနှစ် မိုးရာသီကာလအတွင်း မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် အဓိက ရေလှောင်တမံကြီးများ ဖြစ်သည့် ဆည်တော်ကြီး ရေလှောင်တမံနှင့် ကင်းတားရေလှောင်တမံတို့ အပါအဝင် ရေလှောင်တမံ ၅၅ ခုတွင် ရေဝင်ရောက်မှု လျော့နည်းခဲ့သော်လည်း ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးမှုတွင် ပုံမှန်အတိုင်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ရေဝင်ရောက်မှုမှာ ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ရေလှောင်တမံ ၂၆ ခုတွင်လည်းကောင်း၊ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ရေလှောင်တမံ ၁၅ ခုတွင်လည်းကောင်း လျော့နည်းခဲ့ခြင်းဖြစ်သော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ မန္တလေးတိုင်းဒေသကြီးအတွင်း ဆည်ရေကို အလေအလွင့်နည်းစွာနှင့် တောင်သူလယ်သမားတိုင်း ရေသွင်းစိုက်ပျိုးသည့် ဧကအလိုက် အချိုးကျ အညီအမျှ ဆည်ရေရရှိ စိုက်ပျိုးနိုင်ရန် ရည်ရွယ်လျက် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆည်ရေ အသုံးချသူများအဖွဲ့ ၁၃၉၇ ဖွဲ့ကို စနစ်တကျ ဖွဲ့စည်းပေးခဲ့သည်။

ထို့အပြင် ရေအသုံးပြုသူတောင်သူများအနေဖြင့် ပြောင်းလဲလာသော ရာသီဥတုအရ ရေသုံးစွဲမှုလျှော့ချချွေတာနိုင်မည့် SRI စိုက်ပျိုးနည်းစနစ်ကို ပြောင်းလဲကျင့်သုံးလာခြင်း၊ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ Cash for Work လုပ်ငန်းများအဖြစ် လယ်ကြားမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ဒေသခံလုပ်သားများ၏ လုပ်အားဖြင့် လုပ်ဆောင်ပေးခဲ့ခြင်း တို့ကြောင့် ရေယူမြောင်းများ ကောင်းမွန်လာစေပြီး ရေလေလွင့်ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းပါးစေခြင်းဖြင့် နှစ်စဉ် ပုံမှန်စိုက်ပျိုးမှုအခြေအနေအတိုင်း စိုက်ပျိုးနိုင်ရန် လျာထားကာ ယခုနှစ်တွင် မိုးစပါး ၃၀၉၃၈၉ ဧကကို ရေပေးဝေစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အလားတူပင် လယ်ယာမြေများ ရေနစ်မြုပ်မှုမှ ကာကွယ်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေပေးတူးမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြောင်းပုံစံကျပြုပြင်ခြင်း၊ တူးမြောင်းရေပေးအဆောက်အအုံများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ကျေးလက်ဒေသ သောက်သုံးရေကန်များ တူးဖော်ခြင်း၊ စိုက်ပျိုးရေအသုံးပြုသည့် ကျေးလက်ဆည်ကန်များ ပြုပြင်ခြင်း၊ စိုက်ပျိုးရေ စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ မြောင်းပေါင်လမ်းများ (ကျေးရွာကုန်ထုတ်လမ်း) အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ မြောင်းကူးတံတားများ ပြုပြင်ပေးခြင်းနှင့် ဒေသထွက်ကုန်များ လွယ်ကူစွာ သယ်ပို့နိုင်စေခြင်းတို့ဖြင့် ဒေသခံတောင်သူများ၏ အကျိုးစီးပွားအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။



တိုင်းဒေသကြီးအတွင်းမှ ဆည်ရေပေးမြောင်းတစ်ခုကို ပြုပြင်နေစဉ်။

မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဆည်၊ ကန်၊ တမံ ၁၃၅ ခုနှင့် ရေဘေးကာကွယ်ရေးတာ နှစ်ခုကို တာဝန်ယူ ထိန်းသိမ်းလျက်ရှိကာ နှစ်စဉ် မိုးစပါးဧက သုံးသိန်းခန့်နှင့် နွေစပါးဧက တစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

**မောင်မွေး**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၂ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်)**
**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍**
**ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်နေ ဒေါ်ကွေးကြီးသည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၈-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်နေ ဒေါ်ကွေးကြီး(ခ) အားညော်(၃၄)နှစ်၊ (ဘ)ဦးဆွေလီ ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား) မယ(ပ) ၁၁၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်း ဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကိုးတဲကျေးရွာနေ သန်းစိုး (ဘ) ဦးမောင်စိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၈-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကိုးတဲကျေးရွာ လမ်းမပေါ်၌ ၎င်းကျေးရွာနေသန်းစိုး(၃၈)နှစ်၊(ဘ) ဦးမောင်စိန်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ)၁၂၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်း ဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက်ကာကျေးရွာနေ အောင်ငယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၈-၂၀၂၀ ရက်နေ့တွင် ပုလောမြို့နယ်၊ ကျောက်ကာကျေးရွာနေ အောင်ငယ် (ခ) အောင်ဌေးလွင် (ခ)အေးလွင် (၅၂)နှစ်၊ (ဘ)ဦးသန်းတင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပုလော) မယ(ပ)၄၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်း ဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၈-၂၀၂၀ ရက်နေ့တွင် သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်နေ အောင်အောင်(ခ)စိုက်ဖိုက်လား(၂၁)နှစ်၊ (ဘ)ဦးလှဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညီဖြစ်သူ ကျော်မျိုးဟိန်း(ခ) ဟက်ပီစိုက်လား (၁၉) နှစ်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သုဝဏ္ဏ) မယ(ပ) ၅၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့်အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ (၁)ရပ်ကွက်နေ ပိုင်ဖေယျာကျော်(ခ) ကျန်ကျောင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၈-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်နေ ပိုင်ဖေယျာကျော်(ခ)ပိုင်ဖေယျာဖြိုး(ခ) ကျန်ကျောင်း(၂၀)နှစ်၊ (ဘ)ဦးဖေယျာစိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ) မယ(ပ)၆၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်း ဒေသကြီး၊ ကြည့်မြင်တိုင် မြို့နယ်၊ ဘလုတ်ညွန့် ရပ်ကွက်နေ မှုံကြီးနှင့် ဇင်ကိုဦးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၈-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဘလုတ်ညွန့်ရပ်ကွက်နေ စည်သူဟိန်း(ခ)မှုံကြီး(၂၀)နှစ်၊ (ဘ)ဦးဇော်မင်းထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ နိုင်ဦး(၁၆)နှစ်၊ (ဘ)ဦးမောင်မောင်တို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (စက်ဆန်း) မယ(ပ)၂၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်နေ ဇင်ကိုဦး(၁၉) နှစ်၊ (ဘ) ဦးထွန်းဝင်းမြင့်၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(စက်ဆန်း)မယ(ပ) ၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်း ဒေသကြီး၊ တောင်ဥက္ကလာပ မြို့နယ်၊ (၁၃)ရပ်ကွက်သို့ မင်္ဂလာဒုံမြို့နယ်ဘက်မှ စည်သူစံသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၈-၂၀၂၀ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ကောလိယလမ်းမပေါ်၌ စည်သူစံ(၁၉)နှစ်၊ (ဘ) ဦးစံတင်အား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ဥက္ကလာပ)မယ(ပ)၃၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့်အမှုဖွင့်အရေးယူထားရှိပြီး စစ်ဆေး ဖော်ထုတ်ချက်အရ ၎င်းမြို့နယ်၊ (၁၃)ရပ်ကွက်နေ ကျော်သီဟ(၃၆)နှစ်၊ (ဘ) ဦးသန်းစိုးထံမှ ဝယ်ယူခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ဥက္ကလာပ) မယ(ပ)၃၈/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်နေ ကိုဗိုက်ပူသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၈-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်နေ ဗိုက်ပူ(ခ)ဇော်ထက် (ခ)လူးလူး (၂၀) နှစ်၊ (ဘ)ဦးစလင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်)မယ(ပ) ၆၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ အမှတ်(၈၈) ရပ်ကွက်နေ စိုးသူသည် မူးယစ်ဆေးဝါးများဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၈-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၈၈) ရပ်ကွက်နေ စိုးသူ(၂၇)နှစ်၊ (ဘ)ဦးစိုးလွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒဂုံဆိပ်ကမ်း) မယ (ပ)၃၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၉-၈-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၃၀၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၆၇၅)ဦး၊ မ(၃၂၉)ဦး၊ ပေါင်း(၂၀၀၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၀၉၂.၃၁၉၄)ဂရမ်၊ ICE (၁၄၃၅.၄၂) ဂရမ်၊ ဘိန်း(၄၇၁၈၇.၂၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၃၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက်(၅၁၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၆၇၂၁၅)ပြား၊ ဆေးခြောက် (၁၄၇၁၃.၄၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၇)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

# မိုင်းဆတ်မြို့၌ ဆုံဆို့နာရောဂါ ဖြစ်ပွားသူ ၃၃ ဦးအထိ တိုးလာသဖြင့် ကာကွယ်ဆေးများ အရှိန်အဟုန်မြှင့် ကွင်းဆင်းထိုးနှံပေး

**မိုင်းဆတ် ဩဂုတ် ၃၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၌ ဆုံဆို့နာရောဂါအသွင် ဖြစ်ပွားနေပြီး ဩဂုတ် ၂၆ ရက်မှ ယနေ့အထိ ဆုံဆို့နာရောဂါဖြစ်ပွားသူ ၁၃ ဦး ထပ်တိုးလာသဖြင့် ဆုံဆို့နာရောဂါဖြစ်ပွားသူ စုစုပေါင်း ၃၃ ဦးအထိ ရှိလာသဖြင့် ကျန်းမာရေးဌာနမှ ကာကွယ်ဆေးများ အရှိန်အဟုန်မြှင့် ကွင်းဆင်းထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ဩဂုတ် ၂၆ ရက်မှစ၍ တိုးလာသော ဆုံဆို့နာရောဂါဖြစ်ပွားသူများမှာ နားယောင်းကျေးရွာအုပ်စုမှ မိန်းကလေးတစ်ဦး (၆)နှစ်၊ ပူနားကိုကျေးရွာမှ အမျိုးသမီးတစ်ဦး (၂၅) နှစ်၊ စီဟုတ်ကျေးရွာမှ မိန်းကလေးတစ်ဦး (၁၆)နှစ်၊ နားယန်းကျေးရွာမှ မိန်းကလေးတစ်ဦး (၂၀)နှစ်၊ မယ်ဆွမ်မြောက်၊ ကွက်သစ်ရပ်ကွက်မှ အမျိုးသမီးတစ်ဦး (၃၇)နှစ်၊ ဝမ်ဟုန်းရပ်ကွက်မှ မိန်းကလေးတစ်ဦး (၉)နှစ်နှင့် ယောကျ်ားလေးတစ်ဦး (၆)နှစ် ၊ ယောင်ခကျေးရွာမှ (၅)နှစ်၊ (၇)နှစ်နှင့် (၁၃)နှစ်အရွယ် စုစုပေါင်း ယောကျ်ားလေး သုံးဦး၊ ဝိန်းဝိုင်ရပ်ကွက်မှ အမျိုးသမီးတစ်ဦး (၅၆) နှစ် ၊ မိန်းကလေးတစ်ဦး (၁၄)နှစ်နှင့် ယောကျ်ားလေးတစ်ဦး(၁၆)နှစ် အပါအဝင် စုစုပေါင်း ၁၃ ဦး တိုးလာပြီး ယနေ့အထိ ဆုံဆို့နာရောဂါ ဖြစ်ပွားသူ ၃၃ ဦးအထိ ရှိပြီဖြစ်ကြောင်း သိရ သည်။

**ထိုးနှံပေးခဲ့ပြီးဖြစ်**

မိုင်းဆတ်မြို့တွင် ဩဂုတ် ၂၅ ရက်အထိ ရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာခုနစ်ရွာတို့တွင် ဆုံဆို့နာရောဂါဖြစ်ပွားလျက်ရှိရာမှ ယခုအခါ ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာ ၁၀ ရွာအထိ ရောဂါကူးစက်ပျံ့နှံ့လာသဖြင့် မြို့နယ်ကျန်းမာရေးဌာနမှ ဆုံဆို့နာရောဂါဖြစ်ပွားသည့် ရပ်ကွက်/ကျေးရွာများသို့ ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးလျက်ရှိပြီး ဩဂုတ် ၃၀ ရက်အထိ အသက်(၁၅)နှစ်အောက်ရှိ ကလေးစုစုပေါင်း ၂၈၈၄ ဦး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မြင့်မောင်(မိုင်းဆတ်)**



# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်လျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစား ဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည်–

(၁) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၃) အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့် အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

၁၈။ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိသူသည်–

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်ဆုံးအသိပေး အကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)
## မွေးမြူရေးလုပ်ငန်းများ

၁၉။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမှအပ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၀။ ပုဒ်မ ၁၉ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီသော် လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ သော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၁။ မွေးမြူသူသည်–

(က) ခွင့်ပြုလက်မှတ် ရရှိသူဖြစ်ပါက ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိမွေးမြူထားသည့် တိရစ္ဆာန်တွင် ကူးစက်ရောဂါကျရောက်သည့်အခါ ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အကြောင်းကြားပြီးနောက် ဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(င) မွေးမြူရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်တို့နှင့် အညီ မွေးမြူထုတ်လုပ်ရမည်။

(စ) တိရစ္ဆာန် သို့မဟုတ် တိရစ္ဆာန်ထွက်ပစ္စည်းများကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းတို့ကို ဦးစီးဌာနက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) မွေးမြူထားသည့် တိရစ္ဆာန်များကို အသားထုတ်လုပ်ခြင်း လုပ်ငန်းနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရမည်။

(ဇ) မွေးမြူရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၂၂။ ဦးစီးဌာနသည် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက မွေးမြူထားသော တိရစ္ဆာန်များ ကူးစက်ရောဂါဖြစ်ပွား၍ ဖျက်ဆီးခံရခြင်းကြောင့် ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုများအတွက် နစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန် သက်ဆိုင်ရာသို့ လျှောက်ထားရာတွင် သဘောထား မှတ်ချက်ပေးနိုင်သည်။

## အခန်း (၁၀)
## ပြည်တွင်း၌ ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း

၂၃။ ငါးလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်းတို့ကို ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံး ဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို ဖြစ်စေ စီးပွားဖြစ်လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြု လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၄။ ပုဒ်မ ၂၃ ပါ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ သော်လည်းကောင်း၊ ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ သော်လည်းကောင်း၊ ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ သော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ သော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၅။ ပုဒ်မ ၂၄ အရ ခွင့်ပြုလက်မှတ်ရရှိသူသည်–

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

## အခန်း(၁၁)
## ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း

၂၆။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန် သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း ပြုလုပ်လိုသူသည် တင်ပို့ ခွင့်၊ တင်သွင်းခွင့်လိုင်စင် သို့မဟုတ် ပါမစ်ကို သက်ဆိုင်ရာအစိုးရဌာနသို့ လျှောက်ထားခြင်းမပြုမီ ထောက်ခံချက်လက်မှတ်ရရှိရန် သတ်မှတ်ချက်များ နှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၆ ပါ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ထောက်ခံချက်လက်မှတ်ကို ထုတ်ပေးရမည်။

၂၈။ ပုဒ်မ ၂၇ အရ ထောက်ခံချက် လက်မှတ်ရရှိသူသည်–

(က) ထောက်ခံချက်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၂၉။ ဦးစီးဌာနသည် ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်း ပြုမည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို စစ်ဆေးနိုင်ရန် လိုအပ်သည့်နေရာဒေသများတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်သည်။

၃၀။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန် သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်း ပြုမည့်သူသည် မိမိတင်ပို့မည့် သို့မဟုတ် တင်သွင်းမည့်ပစ္စည်းကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစစ်ဆေးပေးရန် ဦးစီးဌာနသို့ သတင်းပို့လျှောက်ထားရမည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၃၀ အရ သတင်းပို့လျှောက်ထားချက်ကို ရရှိသည့်အခါ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစစ်ဆေး၍ တွေ့ရှိချက်ကို ထုတ်ပြန်ပေးရမည်။

## အခန်း (၁၂)
## ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း

၃၂။ ဝန်ကြီးဌာနသည် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများကို အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။

၃၃။ ဦးစီးဌာနသည်–

(က) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လိုအပ်သော ကြိုတင်ကာကွယ်မှု အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) ကူးစက်ရောဂါ မဖြစ်ပွားစေရေးနှင့် ဖြစ်ပွားလာပါက ထိန်းချုပ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) ဒေသတစ်ခုခုတွင် ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့် ကူးစက်ရောဂါကင်းရှင်းခြင်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောလျင်စွာ ကြေညာရမည်။

(ဃ) တိရစ္ဆာန်ကျန်းမာရေးနှင့်ဆက်နွယ်သော ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန အစီအစဉ်ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ဖြစ်စေ ဆောင်ရွက်ရမည်။

(င) ပျားမွေးမြူခြင်းနှင့် စပ်လျဉ်း၍ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းတို့ကို စီမံဆောင်ရွက်ရမည်။

၃၄။ မွေးမြူသူသည် မိမိတိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ် သိရှိရလျှင် ဖြစ်စေ၊ တိရစ္ဆာန်သည် ကူးစက်ရောဂါ လက္ခဏာဖြင့် သေဆုံးကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရလျှင်ဖြစ်စေ ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အမြန်ဆုံး သတင်းပေးပို့ရမည်။

၃၅။ တိရစ္ဆာန်ဆေးကုဆရာဝန်သည် မိမိကုသသည့်တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရလျှင် နီးစပ်ရာ ဦးစီးဌာနသို့ အမြန်ဆုံးအသိပေးအကြောင်းကြားရမည်။

## အခန်း (၁၃)
## တိရစ္ဆာန်အား ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ခြင်း

၃၆။ တိရစ္ဆာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ရန်နှင့် စပ်လျဉ်း၍–

(က) တိရစ္ဆာန်အား သတ်မှတ်ထားသော အလေးချိန်ထက်ပို၍ တင်ဆောင်စေခြင်းနှင့် ဆွဲယူစေခြင်း မပြုရ၊

(ခ) တိရစ္ဆာန်အား တမင်ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် အလွန်အကျွံ ခိုင်းစေခြင်း မပြုရ၊

(ဂ) တိရစ္ဆာန်အား ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို မလိုအပ်ဘဲ ချို့တဲ့စေခြင်း မပြုရ၊

(ဃ) မိမိမွေးမြူထားသော တိရစ္ဆာန်အား အစာရေစာ တမင် မကျွေးခြင်း မပြုရ၊

(င) မိမိမွေးမြူထားသော တိရစ္ဆာန်အား ရောဂါ သို့မဟုတ် ဒဏ်ရာ ရရှိသည့်အခါ ကုသ စောင့်ရှောက်မှု မပေးဘဲ တမင်ထားရှိခြင်း မပြုရ၊

(စ) ကူးစက်ရောဂါ သို့မဟုတ် ဒဏ်ရာရရှိနေသည့် တိရစ္ဆာန်ကို အများပြည်သူ သွားလာခွင့် ရှိသည့်နေရာသို့ လွှတ်ထားခြင်း မပြုရ၊

(ဆ) မိမိဆောင်ရွက်နိုင်သော နေရာအကျယ်အဝန်း၊ အဆောက်အအုံအလိုက် ဘေးကင်းလုံခြုံမှု မရှိသောနေရာတွင် တမင်ထားရှိခြင်း မပြုရ၊

(ဇ) တိရစ္ဆာန်များ ကူးစက်ရောဂါ ကြိုတင်ကာကွယ်မှု အစီအမံများ မရှိဘဲ မွေးမြူခြင်း မပြုရ၊

(ဈ) တိရစ္ဆာန်များကို သယ်ယူပို့ဆောင်ရာတွင် ကျပ်တည်းစွာနှင့် မလျော်ကန်စွာ သယ်ယူ ပို့ဆောင်ခြင်း မပြုရ။

## အခန်း(၁၄)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၇။ သက်ဆိုင်ရာ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက် လက်မှတ်ရရှိသူ၊ မွေးမြူသူနှင့် တိရစ္ဆာန် ကျန်းမာရေးလုပ်သားတို့သည် သတ်မှတ်ထားသော စည်းကမ်းချက်များကိုဖြစ်စေ၊ ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်ကိုဖြစ်စေ၊ ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ဦးစီးဌာန၏ သက်ဆိုင်ရာဦးစီးဌာနမှူးက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်–

(က) စာဖြင့် သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

(ဂ) သက်ဆိုင်ရာ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ် သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သား အသိအမှတ်ပြု လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) သက်ဆိုင်ရာ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ် သို့မဟုတ် တိရစ္ဆာန် ကျန်းမာရေးလုပ်သား အသိအမှတ်ပြု လက်မှတ်ကို ပယ်ဖျက်ခြင်း။

၃၈။ ပုဒ်မ ၃၇ အရ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူး တစ်ဦးဦးက ချမှတ်သည့်ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

၃၉။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၃၈ အရ အယူခံမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူး တစ်ဦးဦးက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | | | | | | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၄.၀၆၀ | | | | | | | | | ၂၄.၀၆၀ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက ကတာဝန်ပေးသူ | | | ၇.၉၅၀ | | | ၀.၅၀၀ | ၁၀.၉၄၄ | | ၁၆.၄၁၆ | | | ၃၅.၈၁၀ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၃.၆၇၀ | | | | | | | | | ၃.၆၇၀ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၅၀၀ | | | | | | | | | ၀.၅၀၀ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၃၈၀.၀၆၀ | | | | | | | | | ၃၈၀.၀၆၀ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၀.၀၆၀ | | | | | | | | | ၀.၀၆၀ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၄၅၃.၅၅၀ | | | | | | | | | ၄၅၃.၅၅၀ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | | | ၁၉.၀၆၀ | | | | | | | | | ၁၉.၀၆၀ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | ၂၃၃.၀၄၆ | | | | ၁၈.၀၂၄ | | ၂၇.၀၃၅ | | | ၂၇၈.၁၀၅ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁၀၃.၆၈၃ | | | | | | | | | ၁၀၃.၆၈၃ |
| | ပေါင်း | | | | ၁,၂၀၅.၆၃၉ | | | ၀.၅၀၀ | ၂၈.၉၆၈ | | ၄၃.၄၅၁ | | | ၁,၂၇၈.၅၅၈ |

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၉,၁၄၀.၅၁၆ | ၁၀၀.၀၀၀ | | | ၁,၇၉၀.၇၈၉ | | | | | ၁၁,၀၃၁.၃၀၅ |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၈၀၁.၆၄၁ | | | | ၅၅.၉၀၅ | | | | | ၁,၈၅၇.၅၄၆ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက ကတာဝန်ပေးသူ | ၁,၃၅၁.၁၂၀ | ၄၀.၀၀၀ | ၁၂.၀၀၀ | | ၇၃.၁၃၆ | | | | | ၁,၄၇၆.၂၅၆ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉,၀၇၅.၅၇၀ | ၄၀.၀၀၀ | | | ၉၅၅.၃၃၃ | | | | | ၁၀,၀၇၀.၉၀၃ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၆,၀၃၃.၃၈၄ | ၄၀.၀၀၀ | | | ၁၃၀.၂၃၈ | | | | | ၆,၂၀၃.၆၂၂ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၂၆,၂၁၃.၀၈၀ | ၄၀.၀၀၀ | | | ၁၈,၆၇၀.၇၂၄ | | | | | ၄၄,၉၂၃.၈၀၄ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | ၈၆၅.၀၈၅ | ၄၀.၀၀၀ | | | ၉၈.၀၂၅ | | | | | ၁,၀၀၃.၁၁၀ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၄၇,၁၃၄.၅၀၀ | ၄၀.၀၀၀ | | | ၅,၇၇၁.၀၇၆ | | | | | ၅၂,၉၈၅.၅၇၆ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၂,၈၅၆.၂၄၅ | ၄၀.၀၀၀ | | | ၂၄၁.၂၆၀ | | | | | ၃,၁၃၇.၅၀၅ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်ကတာဝန်ပေးသူ | ၃,၈၃၇.၉၂၇ | ၄၀.၀၀၀ | ၁၇.၅၅၉ | | ၁,၈၅၂.၉၉၄ | | | | | ၅,၇၄၈.၄၈၀ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၈,၁၆၈.၀၄၀ | ၈၀.၀၀၀ | | ၁.၄၀၀ | ၁,၈၇၀.၄၇၆ | | | | | ၁၀,၁၁၉.၉၁၆ |
| | ပေါင်း | | ၁၁၆,၅၁၇.၁၀၈ | ၅၀၀.၀၀၀ | ၂၉.၅၅၉ | ၁.၄၀၀ | ၃၁,၅၀၉.၉၅၆ | | | | | ၁၄၈,၅၅၈.၀၂၃ |

*(ဆက်လက်ဖော်ပြပါမည်)*

# ကလေး၊ ကသာ၊ မြိတ်၊ ပုသိမ်ကြီးနှင့် မိုးမိတ်မြို့နယ်တို့မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၉ ရက် နံနက် ၆ နာရီက ကလေးမြို့နယ် နတ်ချောင်းကျေးရွာအုပ်စု ချောင်းဝကျေးရွာ ချောင်းဝပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျော်နိုင်လင်း မောင်းနှင်ပြီး ထွန်းတင် လိုက်ပါလာသော ပရိုဘောက် အမျိုးအစား မော်တော်ယာဉ်နှင့် ကျော်တင်(ခ)ကျော်ငွေး မောင်းနှင်ပြီး လှမောင်စော၊ မောင်သန်းတင်တို့ လိုက်ပါလာသော မတ်တူးအမျိုးအစား မော်တော်ယာဉ်တို့ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀၊ လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက ကသာခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကသာမြို့နယ် အင်းကြီးကျေးရွာအုပ်စု လှေဘိုကျေးရွာနေ မွေးအောင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၈၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့အတူ တစ်ရွာတည်းနေ မင်းအောင်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၄၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။



မွေးအောင်၊ မင်းအောင်တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မြိတ်မြို့ သာကေတရပ်ကွက်တွင် ရန်ပိုင်ဦး မောင်းနှင်ပြီး မညီညီနှင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ညီညီနှင်း ကိုင်ဆောင်ထားသော လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၅၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျောက်ချောကျေးရွာ (၁၆)မိုင် စစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် သော်သော်ဇင် (ခ) သော်ဇင်သန့်၏ သေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် တောင်ကိုင်းကျေးရွာအုပ်စု ကင့်နွယ်ကျေးရွာအနီး မိုးမိတ်-မိုးကုတ်သွား ကားလမ်းတွင် မနီလာခိုင် မောင်းနှင်လာသောဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အဆိုပါနေရာ၌ မဇင်မာအား ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# သိမ်ဇရပ်မြို့တွင် ရွှေအတုလိမ်လည်ပေါင်နှံသူကို အမှုဖွင့်အရေးယူ

**ကျိုက်ထို ဩဂုတ် ၃၁**

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ နယ်မြေရဲစခန်းတွင် ရွှေအတု လိမ်လည်ပေါင်နှံသူအား အမှုဖွင့်အရေးယူပေးပါရန် ဩဂုတ် ၂၉ ရက် ည ၁၀ နာရီခွဲက လာရောက်တိုင်တန်းခဲ့သည်။

ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁နာရီခန့်က ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ဈေး၌ ဖွင့်လှစ်ထားသည့် ဦးတင်ဦး၊ ဒေါ်မာလာရွှေဆိုင်တွင် စည်သူလင်းနှင့် ညီဖြစ်သူ အောင်မြင့်ကို တို့ အရောင်းအဝယ် ပြုလုပ်နေစဉ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာနေသူ မမိုးမိုးစံ (၃၈ နှစ်) ရောက်ရှိလာပြီး ရွှေချိန် ၁ ကျပ် ၁၂ ပဲသား၊ အရှည် ၂၀ လက်မခန့်ရှိ သံကြိုးပုံဆွဲကြိုးအား ငွေကျပ် ၁၅၅၀၀၀ ဖြင့် လာရောက်ပေါင်နှံခဲ့သဖြင့် စစ်ဆေးလက်ခံကာ ငွေပေးအပ်ခဲ့ကြောင်း၊ ၁၅ မိနစ်ခန့်အကြာတွင် မသင်္ကာ၍ အဆိုပါရွှေဆွဲကြိုးကို ထုတ်ယူကာ ထပ်မံမှတ်ကျောက်တင် စစ်ဆေးကြည့်ရှုခဲ့ရာ အပေါ်ယံရွှေရည်စိမ်ထားပြီး အတွင်း၌ ကြေးများဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ အလားတူ မမိုးမိုးစံသည် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ဆွဲကြိုးအလေးချိန် ၁ ကျပ် ၈ ပဲ ၄ ရွေးကို ၁ ကျပ်သား ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် လာရောက်ပေါင်နှံသဖြင့် လက်ခံစစ်ဆေးကြည့်ရှုရာ အတုများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရွှေအတုအား လိမ်လည်ပေါင်နှံသူ မမိုးမိုးစံအား အရေးယူပေးပါရန် တိုင်တန်းခဲ့သည့်အတွက် သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# မင်္ဂလာတောင်ညွန့်နှင့် ဒဂုံမြို့သစ်လေးမြို့နယ်အတွင်း ဖုန်း၊ ဆိုင်ကယ်ခိုးမှုကျူးလွန်သူတစ်ဦး ဖမ်းမိ

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ်လတတိယပတ်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း ဖုန်း/ဆိုင်ကယ် ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၇)ရပ်ကွက် ဂရုဏာလမ်း ကျွန်စစ်သားအိမ်ရာ (၃)လွှာနေ ဇင်မင်းသူ(ခ)မျက်မှေး(ခ)မော်ကြီး ကို (၈၂)ရပ်ကွက် မြနန္ဒာလမ်းမပေါ်၌ ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိစစ်ဆေးရာ အဆိုပါဆိုင်ကယ်အား သရက်ပင်ချောင်ကျေးရွာ အမှတ်(၇)လမ်းမပေါ်ရှိ ဆောက်လုပ်ရေးပစ္စည်းဆိုင်ရှေ့မှ ခိုးယူလာခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဖမ်းဆီးခဲ့သည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့အတွင်း လှည့်လည်သွားလာ၍ နေအိမ်အသီးသီးမှ လက်ကိုင်ဖုန်းအမျိုးမျိုး ၁၃ လုံးနှင့် ဆိုင်ကယ်အမျိုးမျိုးငါးစီးတို့ကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း လက်ကိုင်ဖုန်းအမျိုးမျိုး ၁၃ လုံးနှင့် ဆိုင်ကယ်အမျိုးမျိုး ငါးစီးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ ဇင်မင်းသူ(ခ)မျက်မှေး(ခ)မော်ကြီးကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ညောင်ဦးမြို့နယ်တွင် သင်္ဘောကိုတိုက်မိကာနစ်မြုပ်ခဲ့သည့် စက်လှေပါ ပျောက်ဆုံးအမျိုးသမီးနှစ်ဦးအနက် တစ်ဦးအား သေဆုံးလျက်ပြန်တွေ့

**ညောင်ဦး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သာယာဝတီရပ်တွင် ဩဂုတ် ၂၆ ရက် ညနေ ၅ နာရီခွဲက လူ ၁၆ ဦးပါ စက်လှေတစ်စင်းသည် သာယာဝတီ သင်္ဘောဆိပ်တွင် ကျောက်ချရပ်ထားသည့် သင်္ဘောကို ဝင်တိုက်မိ၍ ပျောက်ဆုံးနေသည့် အမျိုးသမီးနှစ်ဦးအနက် တစ်ဦးကို ပြန်လည်တွေ့ရှိပြီဖြစ်ကြောင်း ညောင်ဦး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက ပြောသည်။

စက်လှေနစ်မြုပ်ရာမှ ပျောက်ဆုံးအမျိုးသမီးအား ညောင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆွေမျိုးသားချင်းများက မြစ်ကြောင်းတစ်လျှောက် နေ့စဉ်ရှာဖွေခဲ့ရာ ဩဂုတ် ၃၀ ရက် ညနေ ၆ နာရီခန့်က ညောင်ဦးမြို့နယ် စဉ့်ကူတိုက်နယ် ကြအိုကျွန်းကျေးရွာအနီး လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းရသဖြင့် ညောင်ဦး ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကရုဏာရှင်လူမှုရေးအသင်းသားများက ကူညီသယ်ယူခဲ့ကြောင်း သိရသည်။

အဆိုပါသေဆုံးသူသည် ဩဂုတ် ၂၆ ရက်က စက်လှေတိမ်းမှောက်ရာတွင် ပျောက်ဆုံးအမျိုးသမီးနှစ်ဦးအနက် အောင်ဇေယျရပ်နေ မကောင်းမြတ်သူဖြစ်ကြောင်း ကာယကံရှင်မိသားစု၏ အတည်ပြုချက်အရသိရပြီး ညောင်ဦးမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်မဲ၌ ဆိုင်ကယ်ခိုးမှုကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိ

**သီပေါ ဩဂုတ် ၃၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ရဲမြင့်အောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လှိုင်မင်းသန်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၄ နာရီခွဲက သီပေါအထွက်ဘက်သို့ ဆိုင်ကယ်အပြင်း မောင်းနှင်သွားသည့် မသင်္ကာဖွယ်ရာ လူတစ်ဦးအား တွေ့ရှိသဖြင့် လိုက်လံရှာဖွေရာ သီပေါတိုးဂိတ်တွင် ဖမ်းဆီးရမိသည်။

**အမှုဖွင့်အရေးယူ**

၎င်းမှာ လားရှိုးမြို့နေ ဇော်ဝင်းငွေး ဆိုသူဖြစ်ပြီး ၎င်းစီးနင်းလာသည့် ဆိုင်ကယ်မှာ ကျောက်မဲမြို့ အမှတ်(၃)ရပ်ကွက်နေ ကိုဝင်းမင်းသန့် ဆိုင်ကယ်ဖြစ်ကြောင်း ကျောက်မဲ ပြည်သူ့ဆေးရုံ၌ ရပ်တန့်ထားခဲ့စဉ် ပျောက်ဆုံးသွားသည့် ဆိုင်ကယ်ဖြစ်ပြီး ဇော်ဝင်းငွေးအား ကျောက်မဲမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၈-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ - ၁၁ ပါ ပြည်မြို့၌ ရွှေဆိုင် လုယက်သူများကို ဖမ်းဆီးအရေးယူ သတင်းစာသားတွင် ထက်အောင်ဇော် **အစား** ထက်ဇော်အောင်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ရဲပြန်ကြား**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်နယ်မြေ ရဲစခန်းမှ စခန်းမှူး ရဲအုပ်သန်းဝေ နှင့် တပ်ဖွဲ့ဝင်များ ဩဂုတ် ၃၀ ရက်က ကျည်တောင်ကန် အမှတ်(၂) ရပ်ကွက်ရှိ မှန်ကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ သူဇာလှိုင်(စက်မှု)



# ဆီးရီးယားနိုင်ငံတွင် လူပေါင်း ၂ ဒသမ ၂ သန်းကျော် အစားအစာငတ်ပြတ်မှုဘေးနှင့် ရင်ဆိုင်ရဖွယ်ရှိဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြား

ဒမတ်စကတ် ဩဂုတ် ၃၁

**စစ်ပွဲဒဏ်ခံ ဆီးရီးယားနိုင်ငံတွင် လူပေါင်း ၂ ဒသမ ၂ သန်းဝန်းကျင်မှာ ငတ်ပြတ်မှု၊ ဆင်းရဲမွဲတေမှုတို့နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) က ဩဂုတ် ၃၁ ရက်တွင် သတိပေးခဲ့သည်။ ချက်ချင်းအကူအညီများမရရှိလျှင် လူပေါင်း ၂ ဒသမ ၂ သန်းမှာ ငတ်မွတ်မှုနှင့် ဆင်းရဲမွဲတေမှုတို့ကြား နစ်မြုပ်သွားနိုင်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က တွစ်တာစာမျက်နှာပေါ်တွင် သတင်းထုတ်ပြန်ခဲ့သည်။**

ဆီးရီးယားနိုင်ငံတွင် လူပေါင်း ၉ ဒသမ ၃ သန်းမှာ အစားအစာ လုံခြုံစိတ်ချရမှုမရှိခြင်းနှင့် ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂအေဂျင်စီက မေလအတွင်း ပြောကြားခဲ့သည်။

ကုန်ဈေးနှုန်းများ ကြီးမြင့်ခြင်းနှင့် ကိုဗစ် - ၁၉ ရောဂါကြောင့် အခြေအနေ ပိုမိုဆိုးရွားစေသည်။ ဆီးရီးယားနိုင်ငံသားအများစုမှာ ဆင်းရဲမွဲတေမှုတွင် ရှင်သန်နေထိုင်နေရပြီး အစားအစာဈေးနှုန်းများမှာလည်း ယခင်နှစ်ကထက် နှစ်ဆမြင့်တက်သွားသည်ဟု ကုလသမဂ္ဂက ပြောသည်။

တစ်ချိန်တည်းမှာပင် ဆီးရီးယားအစိုးရထိန်းချုပ်ထားသောနေရာများတွင် လောင်စာပြဿနာနှင့် ငွေကြေးတန်ဖိုးကျဆင်းခြင်းများနှင့် ကြုံတွေ့နေရသည်။ ဆီးရီးယားနိုင်ငံ၏ စီးပွားရေးတွင် ရုန်းကန်ရခြင်းမှာ အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုပြစ်ဒဏ်များကြောင့်ဖြစ်သည်ဟု ဆီးရီးယားအစိုးရက ပြောသည်။

သို့သော်လည်း ဆီးရီးယားနိုင်ငံ စီးပွားရေးအကျပ်ရိုက်ရခြင်းမှာ အိမ်နီးချင်းလက်ဘနွန်နိုင်ငံ၏ ဘဏ္ဍာရေးအကျပ်အတည်းနှင့်လည်း သက်ဆိုင်မှုရှိသည်ဟု သုတေသီများက ထောက်ပြကြသည်။ ၂၀၁၁ ခုနှစ်က စတင်ခဲ့သည့် ဆီးရီးယားပဋိပက္ခအတွင်း လူပေါင်း ၃၈၀၀၀၀ ကျော် သေဆုံးခဲ့ပြီး လူပေါင်းသန်းနှင့်ချီ၍ နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

**အေအက်ဖ်ပီ**



တိုက်ပွဲများကြောင့် ဆီးရီးယားနိုင်ငံအတွင်း ပျက်စီးနေမှုများကို တွေ့ရစဉ်။

# ဘဂ္ဂဒက်မြို့တွင် အဆင့်မြင့်အရာရှိကြီးများနှင့် ပြင်သစ်သမ္မတတို့ ဆွေးနွေးပွဲကျင်းပမည်

**ဘဂ္ဂဒက် ဩဂုတ် ၃၁**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် လက်ဘနွန်ခရီးစဉ်အပြီး စက်တင်ဘာ ၂ ရက်တွင် အီရတ်နိုင်ငံသို့ပထမအကြိမ် သွားရောက်မည်ဟု အီရတ်အစိုးရ သတင်းအရင်းအမြစ်များက အေအက်ဖ်ပီသို့ ပြောသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် အီရတ်နိုင်ငံသို့ တစ်ရက်တာ ခရီးသွားရောက်မည်ဖြစ်သည်။

အီရတ်ဝန်ကြီးချုပ် မူစတာဖာ အယ်ခတ်ဟီမီ မေလအတွင်း အာဏာရပြီးသည့်အချိန်မှ စတင်ကာ ပထမအကြိမ် အီရတ်နိုင်ငံသို့ လာရောက်ခြင်းလည်း ဖြစ်သည်။

ခရီးစဉ်အတွင်း ပြင်သစ်သမ္မတသည် အီရတ်ဝန်ကြီးချုပ်၊ သမ္မတတို့နှင့်တွေ့ဆုံကာ နိုင်ငံရေး အခင်းအကျင်းများကို ဆွေးနွေးသွားရန် မျှော်လင့်ထားသည်ဟု အီရတ်အစိုးရ သတင်းအရင်းအမြစ်က အေအက်ဖ်ပီသို့ ပြောသည်။

အီရတ်အရာရှိ နှစ်ဦးက ပြင်သစ်သမ္မတမက်ခရွန် အီရတ်နိုင်ငံသို့ လာရောက်မည့်ခရီးစဉ်ကို အတည်ပြုခဲ့သော်လည်း သမ္မတ မက်ခရွန်ဘက်ကမူ အဆိုပါခရီးစဉ်နှင့်ပတ်သက်ပြီး အတည်ပြုခဲ့ခြင်း မရှိပေ။

ဩဂုတ် ၂၇ ရက်ကလည်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖလောရင့် ပါလီသည် ဘဂ္ဂဒက်မြို့နှင့် အီရတ်နိုင်ငံကာ့ဒ်ဒေသမြို့တော်ဖြစ်သည့် အာဘေးလ်မြို့တို့တွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အခြားသောနိုင်ငံခြားအရာရှိများနှင့်မတူညီသည်မှာ သမ္မတမက်ခရွန်သည် ကာ့ဒ်မြို့တော်သို့ သွားရောက်မည်မဟုတ်ဘဲ ကာ့ဒ်ခေါင်းဆောင်များက ဘဂ္ဂဒက်သို့လာရောက်ကာ ၎င်းနှင့်တွေ့ဆုံနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

**အေအက်ဖ်ပီ**



ပြင်သစ်သမ္မတ မက်ခရွန်ဩဂုတ် ၆ ရက်က လက်ဘနွန်နိုင်ငံသို့ သွားရောက်စဉ်အတွင်း ဒေသခံများကို နှုတ်ဆက်နေစဉ်။

# ဂါနာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းပြေးဆွဲမှုများ ပြန်လည်စတင်

**အက်ခရာ ဩဂုတ် ၃၁**

ဂါနာနိုင်ငံတွင် စက်တင်ဘာ ၁ ရက်က စတင်ကာ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းပြေးဆွဲမှု ပြန်လည်စတင်မည်ဟု ဂါနာသမ္မတ နာနာအက်ဒိုဒန်ဝါအကူဖိုအက်ဒိုက ဩဂုတ် ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ဂါနာနိုင်ငံတွင် လေကြောင်းလိုင်းပြေးဆွဲမှု ရပ်နားထားသည်မှာ ငါးလနီးပါးရှိပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လေကြောင်းပြေးဆွဲမှု ပြန်လည် စတင်မည်ဖြစ်သော်လည်း ရေကြောင်း၊ ကုန်းကြောင်းနှင့် နယ်စပ်ဂိတ်များမှ ဖြတ်သန်းခွင့်ကိုမူ ဆက်လက်ပိတ်ထားဦးမည် ဖြစ်သည်။

နိုင်ငံအတွင်း ဝင်ရောက်လာမည့် ခရီးသွားများသည် ၎င်းတို့၏ မူရင်းနိုင်ငံမှ ကိုဗစ်-၁၉ ကင်းရှင်းကြောင်း ဆေးစစ်ချက်လက်မှတ် ရယူလာရမည်ဖြစ်သည်ဟု သမ္မတက ပြောကြားခဲ့သည်။

ကိုတိုကာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလျှင်လည်း လေဆိပ်အဆောက်အအုံတွင် ကိုဗစ်-၁၉ စစ်ဆေးမှု လုပ်ဆောင်ရမည်ဖြစ်ပြီး ကျသင့်ငွေကိုခရီးသည်ဘက်မှ အကုန်အကျခံရမည်ဖြစ်သည်။ ဆေးစစ်ချက်ရလဒ်မှာ မိနစ် ၃၀ အတွင်း အဖြေထွက်မည်ဟု ဂါနာသမ္မတ နာနာအက်ဒိုဒန်ဝါအကူဖိုအက်ဒိုက ပြောကြားသည်။

အစိုးရအနေဖြင့် ကိုဗစ်- ၁၉ ကြောင့် ထုတ်ပြန်ထားရသည့် ပိတ်ဆို့ကန့်သတ်မှုများကို တဖြည်းဖြည်းချင်းဖြေလျှော့ပေးသွားမည် ဖြစ်ပြီး လေဆိပ်များကိုလည်း ပြန်လည်ဖွင့်လှစ်ပေးမည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ဂါနာနိုင်ငံတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစတင်ကာ ယနေ့အချိန်အထိ ကူးစက်ခံရသူပေါင်း ၄၄၂၀၅ ဦးရှိပြီး သေဆုံးသူ ၂၇၆ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**




မြို့တော် အက်ခရာရှိ ကိုတိုကာလေဆိပ်ကို တွေ့ရစဉ်။

## နီပေါနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ စံချိန်တင်တိုးလာ

**ခတ္တမန္ဒူ ဩဂုတ် ၃၁**

နီပေါနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူနှင့် ကိုဗစ်- ၁၉ ကြောင့် သေဆုံးရသူအရေအတွက်မှာ စံချိန်တင်လျက်ရှိသည်ဟု နီပေါအစိုးရက ဩဂုတ် ၃၀ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

**၁၄ ဦးထပ်မံသေဆုံး**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၄ ဦးရှိသည့်အတွက် စုစုပေါင်းသေဆုံးသူအရေအတွက်မှာ ၂၂၁ ဦးအထိရှိလာသည်ဟု ကျန်းမာရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျက်ဂီရိုဝါဂေါ့တန်က ဩဂုတ် ၃၀ ရက်တွင် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

**စံချိန်တင်တိုးလာ**

နီပေါနိုင်ငံတွင် နေ့စဉ်သေဆုံးမှုစာရင်းမှာ ၁၂ ဦးမှ ၁၄ ဦးအထိတိုးလာခြင်း ဖြစ်သည်။ နေ့စဉ်ကူးစက်မှု စာရင်းတွင် ဩဂုတ် ၃၀ ရက်တစ်ရက်တည်း၌ပင် ကူးစက်ခံရသူ ၁၂၁၂ ဦးရှိရာ နေ့စဉ်ကူးစက်မှုနှုန်းစံချိန်တင်တိုးလာခဲ့ခြင်း ဖြစ်သည်။ ကိုဗစ်-၁၉ စုစုပေါင်းကူးစက်ခံရသူ ၃၈၆၅၁ ဦးရှိသည်ဟု နီပေါနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ အိုကီနာဝါတွင် အင်အားပြင်းထန်သည့် တိုင်ဖွန်း မုန်တိုင်းသတိပေးချက် ထုတ်ပြန်

**အိုကီနာဝါ ဩဂုတ် ၃၁**

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါစီရင်စုသို့ အင်အားပြင်းထန်သည့် တိုင်ဖွန်းမုန်တိုင်းဖြည်းဖြည်းချင်းနီးကပ်လာပြီး စက်တင်ဘာ ၁ ရက်တွင် ပိုမိုနီးကပ်လာမည်ဟု ခန့်မှန်းထားသည်။

**လေပြင်းများတိုက်ခတ်**

တစ်နာရီလျှင် လေတိုက်နှုန်း ၂၅၀ ကီလိုမီတာထက်ကျော်လွန်မည်ဟုလည်း သတိပေးချက်ထုတ်ပြန်ထားသည်။ ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် အိုကီနာဝါ၌ မိုးသည်းထန်စွာရွာမှုနှင့် လေပြင်းတိုက်မှုများ ဖြစ်ပေါ်လာသည်။

**တိုက်တွန်းထား**

အိုကီနာဝါတွင် ၂၄ နာရီအတွင်း မုန်တိုင်းဝင်ရောက်မည်ဟုလည်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။ နာဟာမြို့နှင့် အိုကီနာဝါမြို့တို့ရှိ အချို့သောနေရာများတွင် မိသားစုများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

**လေကြောင်းခရီးစဉ်များ ဖျက်သိမ်း**

မုန်တိုင်းကြောင့် လေကြောင်းခရီးစဉ်ပေါင်း ၂၅၀ ကျော်ကိုဖျက်သိမ်းထားရသည်။ ကိုဗစ် - ၁၉ ကူးစက်မှုများ တိုးနေသော်လည်း ပြည်သူများအနေဖြင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံများသို့ လိုအပ်ပါက လာရောက်ခိုလှုံကြရန် အိုကီနာဝါအုပ်ချုပ်ရေးမှူးက တိုက်တွန်းထားသည်။

**ဆွေမျိုးများအိမ်တွင်လည်း ခိုလှုံနိုင်**

အိုကီနာဝါမြူနီစီပယ်က တည်ဆောက်ပေးထားသည့် ခိုလှုံရာနေရာများတွင်သာမက လုံခြုံစိတ်ချမှုအပြည့်အဝပေးနိုင်သည့် ဆွေမျိုးများ၏ နေအိမ်များတွင်လည်း မုန်တိုင်းဒဏ်မှ ကင်းဝေးစေရေး သွားရောက်ခိုလှုံနိုင်ကြောင်း အိုကီနာဝါ အုပ်ချုပ်ရေးမှူး တာမာကီဒန်နီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်-အမေရိကန်ဆက်ဆံရေး ပိုမိုအားကောင်းခိုင်မာလာအောင် ထောက်ခံအားပေးရန် ထရမ့်အား အာဘေးတိုက်တွန်းပြောကြား

တိုကျို ဩဂုတ် ၃၁

**ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အား ၎င်းနေရာတွင် ဆက်ခံမည့်သူကို ဂျပန်-အမေရိကန် မိတ်ဖက်ဆက်ဆံရေးအစွန့်ရှည်တည်တံ့အောင် ဆက်လက်ထောက်ခံအားပေးရန် တိုက်တွန်းပြောကြားလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**



၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၅ ရက်က နယူးယောက်၌ အမေရိကန်သမ္မတ ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ တွေ့ဆုံကြစဉ်။

ဩဂုတ် ၃၁ ရက် ဖုန်းပြောဆိုမှုတွင် အာဘေးက ၎င်းနုတ်ထွက်ရသည့်အကြောင်းရင်းနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည်။

အာဘေးနှင့် ထရမ့်သည် မိနစ် ၃၀ ကြာ ဖုန်းပြောဆိုခဲ့ကြသည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကျန်းမာရေး အကြောင်းပြချက်ကြောင့် ရာထူးမှနုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက နှစ်နိုင်ငံ ခေါင်းဆောင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဂျပန်-အမေရိကန်ဆက်ဆံရေး ပိုမိုခိုင်မာလာအောင်လုပ်ဆောင်နိုင်ခဲ့သည့်အတွက် အမေရိကန်သမ္မတထရမ့်ကို ကျေးဇူးတင်ကြောင်း ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံက ဒုံးခွင်းဒုံးနည်းပညာ တိုးတက်အောင်လုပ်ဆောင်နေသည့် အချိန်တွင် နှစ်နိုင်ငံလုံခြုံရေး ကိစ္စရပ်များတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း အာဘေးက ပြောကြားလိုက်သည်။

မြောက်ကိုရီးယားက ဒုံးကျည်နည်းပညာစွမ်းဆောင်မှုကို တိုးမြှင့်လုပ်ဆောင်ခြင်းကြောင့် ဂျပန်နှင့် မြောက်ကိုရီးယားနိုင်ငံကြား လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ မြင့်တက်လာသည်။

အာဘေးက မြောက်ကိုရီးယား၏ဂျပန်နိုင်ငံသားများကို ပြန်ပေးဆွဲမှုများတွင် ဆက်လက်ကူညီဖြေရှင်းပေးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အား တောင်းဆိုလိုက်သည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် ကိုဗစ်-၁၉ တိုက်ဖျက်ရေး ကာကွယ်ဆေးများထုတ်ဖော်ရာတွင် အတူတကွလုပ်ဆောင်ကြရန် သဘောတူခဲ့ကြသည်။ ထို့အပြင် အာဘေးသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဖုန်းဖြင့်ဆက်လက်ဆွေးနွေးရန် စီစဉ်ထားကြောင်း ပြောသည်။

အင်န်အိတ်ချ်ကေ

# လောင်စာဆီယိုဖိတ်မှုကြောင့် မောရစ်သျှတွင် ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိ

**ပို့လူးဝစ် ဩဂုတ် ၃၁**

မောရစ်သျှနိုင်ငံတွင် ကုန်တင်သင်္ဘော လောင်စာဆီယိုဖိတ်မှုအပေါ် အစိုးရ၏ ကိုင်တွယ်ပုံနှင့်ပတ်သက်ပြီး လူအမြောက်အမြား ကန့်ကွက်ဆန္ဒပြလျက်ရှိကြောင်း သိရသည်။

သောင်းနှင့်ချီ ဆန္ဒပြမှုများသည် ဩဂုတ် ၃၀ ရက်က မြို့တော် ပို့လူးဝစ်၌ ဖြစ်ပွားခဲ့ကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြလိုက်သည်။

ဆန္ဒပြသူများသည် အဆိုပါဖြစ်ရပ်၏ အကြောင်းရင်းကို အတိအကျ အမြန်ဆုံးဖော်ထုတ်ပေးရန် နိုင်ငံတော်အလံများကို ကိုင်ဆောင်ဝှေ့ယမ်းပြီး ဆန္ဒပြခဲ့ကြသည်။ ဩဂုတ် ၂၆ ရက်ကတည်းက သေဆုံးနေသည့် လင်းပိုင်များ ကမ်းပေါ်လာတင်နေသည်ကို တွေ့ရခြင်းသည် မည်သည့်အတွက်ကြောင့် ဖြစ်သလဲဆိုသည်ကို ရှင်းပြရန် ဆန္ဒပြသူများက အစိုးရကို တောင်းဆိုထားကြောင်း သိရသည်။

လင်းပိုင်များ သေဆုံးခြင်းသည် ရေနံယိုဖိတ်မှုနှင့် မသက်ဆိုင်ဘူးဟု ရေလုပ်ငန်းဆိုင်ရာဝန်ကြီးက ကနဦးသတင်း အချက်အလက်များတွင် ဖော်ပြထားကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် မောရစ်သျှအာဏာပိုင်များက အဆိုပါသင်္ဘော၏ အိန္ဒိယနိုင်ငံသားကပ္ပတိန်နှင့် ၎င်း၏လက်ထောက်သီရိလင်္ကာနိုင်ငံသားတို့အား ရေကြောင်းသွားလာရေး ဘေးကင်းလုံခြုံမှုကို အန္တရာယ်ဖြစ်စေမှုနှင့် စွဲချက်တင်ဖမ်းဆီးခဲ့သည်။

သို့သော်လည်း အတိုက်အခံပါတီအဖွဲ့ဝင်များနှင့် အခြားသူများက ဝန်ကြီးချုပ် ပရာဗင်ဂျက်နော့သ်ကို သင်္ဘောလောင်စာဆီ ယိုဖိတ်မှုနှင့် ပတ်သက်ပြီး တုံ့ပြန်ဆောင်ရွက်မှု နှေးကွေးသည်ဟု စွပ်စွဲပြောဆိုနေကြသည်။

ကာဝ့်ရှီအိုဟု အမည်ရသော အဆိုပါ ကုန်တင်သင်္ဘောသည် ဇူလိုင်လနှောင်းပိုင်းကတည်းက အိန္ဒိယသမုဒ္ဒရာရှိ အဆိုပါ ကျွန်းနိုင်ငံ၏ ကမ်းရိုးတန်းနားတွင် သောင်တင်သွားခဲ့ပြီး မောရစ်သျှကျွန်းပေါ်သို့ သင်္ဘောလောင်စာဆီ အမြောက်အမြား လာတင်နေခဲ့သည်။




ပို့လူးဝစ်တွင် ဆန္ဒပြနေသူများအား တွေ့ရစဉ်။

အဆိုပါသင်္ဘောကို နာဂါရှီကီ သင်္ဘောကုမ္ပဏီက ပိုင်ဆိုင်ပြီး မစ်ဆိုအိုအက်စ်ကေလိုင်းကုမ္ပဏီက ငှားရမ်းလုပ်ကိုင်နေခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီနှစ်ခုလုံးသည် ဂျပန်ကုမ္ပဏီများ ဖြစ်ကြသည်။

လောင်စာဆီ ယိုဖိတ်မှုကြောင့် ရေ့လျှောက်စီးပွားရေး ထိခိုက်လာမည်ကို မောရစ်သျှခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများကြား စိုးရိမ်ပူပန်မှုများ မြင့်တက်နေကြသည်။

လတ်တလောတွင် ခရီးသွားအပန်းဖြေနေရာများရှိသည့် အဆိုပါ ကျွန်းနိုင်ငံသည် ကိုဗစ်-၁၉ ကြောင့် နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်မှုကို ဟန့်တားထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ဂျပန်နိုင်ငံအနောက်ပိုင်းတွင် အပူလှိုင်းဆက်လက်မြင့်တက်

**တိုကျို ဩဂုတ် ၃၁**

ဂျပန်နိုင်ငံ မိုးလေဝသအရာရှိများက အပူလှိုင်းအန္တရာယ်သတိထားကြရန် ပြည်သူလူထုအား တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**လေထုဖိအားမြင့်တက်**

မိုးလေဝသအေဂျင်စီက လေထုဖိအားမြင့်တက်မှုသည် ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် အလယ်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် ၎င်းက အပူချိန်ကို မြင့်တက်စေကြောင်း ပြောကြားလိုက်သည်။

တချို့ဒေသများတွင် အပူချိန်သည် မွန်းတည့်မတိုင်မီ ၃၅ ဒီဂရီဆဲလ်စီးယက်စ်အထက်အထိ မြင့်တက်ခဲ့သည်။

**ခန့်မှန်းထား**

နေ့လယ်ဘက်အပူချိန်များသည်နာဂိုရာမြို့တွင် ၃၈ ဒီဂရီ၊ အိုဆာကာ၊ အိုကာယာမာ၊ ဆာဂါနှင့် ကူမာမိုတိုတို့တွင် ၃၇ ဒီဂရီဆဲလ်စီးယက်စ်၊ ဟီရိုရှီးမား၊ တာကာမတ်ဆုနှင့် အော့ဆုတို့တွင် ၃၆ ဒီဂရီအထိရှိမည်ဟု ခန့်မှန်းထားသည်။

**ဆက်လက်မြင့်တက်**

အပူချိန်မြင့်မားမှုသည် နိုင်ငံတစ်ဝန်းလုံးတွင် ဩဂုတ်လအစောပိုင်းမှစကာ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။

တာကာဟာရှီ၊ အိုကာယာမာ ခရိုင်များတွင် အပူချိန်သည် ၂၂ ရက်အထိ ၃၅ ဒီဂရီ ဆက်တိုက်မြင့်တက်ခဲ့ကြောင်း သိရသည်။

**သေဆုံးသူများရှိ**

လူပေါင်းအမြောက်အမြားသည် အပူလျှပ်မှုကြောင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်းနှင့် သေဆုံးသူများလည်းရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# မဲလ်ဘုန်းတွင် ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုများ ဆောင်ရွက်ပြီးနောက် ဩစတြေးလျ၏ ကိုဗစ်-၁၉ ကူးစက်မှုနှုန်းကျဆင်းလာ

**ဆစ်ဒနီ ဩဂုတ် ၃၁**

သက်ဆိုင်ရာ အာဏာပိုင်များက ဩစတြေးလျနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော်တွင် ကိုဗစ် -၁၉ထိန်းချုပ်မှုများကို ဆောင်ရွက်နိုင်ပြီးနောက် ဩစတြေးလျတွင် ဩဂုတ် ၃၁ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၀၀ အောက်လျော့ကျခဲ့ကြောင်း သတင်းဖော်ပြခဲ့သည်။

အဆိုပါ ပမာဏသည် နှစ်လအတွင်းအနိမ့်ဆုံး ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကိန်းဂဏန်းဖော်ပြမှု ဖြစ်ကြောင်း သိရသည်။

ဗစ်တိုးရီးယားပြည်နယ် မြို့တော် မဲလ်ဘုန်းတွင် ကိုဗစ်-၁၉ ဒုတိယလှိုင်းကို ကြိုးစားကိုင်တွယ်နိုင်ခဲ့သည့်အတွက် ဇူလိုင်လနှောင်းပိုင်းက ၇၀၀ အထိ တိုးလာခဲ့သော်လည်း ယခုအခါတွင် ကိုဗစ်- ၁၉ အတည်ပြုလူနာ ၇၃ ဦးသာရှိကြောင်း ဖော်ပြခဲ့သည်။

မဲလ်ဘုန်း ဒေသခံများသည် ညလုံးပေါက် ညမထွက်ရအမိန့် အပါအဝင် တင်းကျပ်သည့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကို တောင့်ခံနေကြသည်။

အလားတူ အရေးမကြီးသော စီးပွားရေး လုပ်ငန်းများကိုလည်း အနည်းဆုံးစက်တင်ဘာ ၁၃ ရက်အထိ ပိတ်ထားရန် အမိန့်ထုတ်ပြန်ထားသည်။

ကိုဗစ်- ၁၉ တားမြစ်ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် ဖိအားများလာသောကြောင့် ဝန်ကြီးချုပ် ဒန်နီရယ်အန်ဒရူးက လာမည့် တနင်္ဂနွေနေ့တွင် ဖြေလျှော့ပေးမည့် လမ်းညွှန်ချက်များ ထုတ်ပြန်ပေးမည်ဖြစ်သော်လည်း တချို့ကို မပြောင်းလဲဘဲ နဂိုအတိုင်းထားမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ယခုတစ်ခါကိုဗစ်- ၁၉ ကူးစက်ခံရပါက ထိန်းချုပ်၍ ရနိုင်တော့မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ဩစတြေးလျတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၂၆၀၀၀ ရှိလာပြီး သေဆုံးသူပေါင်း ၆၅၂ ဦး ရှိလာခဲ့သည်။

အေအက်ဖ်ပီ



ဩစတြေးလျနိုင်ငံ ဆစ်ဒနီတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ စစ်ဆေးမှု ဆောင်ရွက်နေစဉ်။

# အမေရိကန်သာမက ကမ္ဘာတစ်ဝန်းလုံးအထိ ရိုက်ခတ်ပျံ့နှံ့နေတဲ့ ကိုဗစ်- ၁၉

*ထွန်းသစ်စ*

**အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်- ၁၉ ဖြစ်ပွားသူပေါင်းဟာ အခုဆိုရင် ခြောက်သန်းနီးပါးရောက်ရှိလာပါပြီ။ ဒါဟာ ကမ္ဘာ့ကိုဗစ်- ၁၉ ကူးစက်ခံစားနေရသူစုစုပေါင်းရဲ့ လေးပုံတစ်ပုံလောက် ရှိပါတယ်။ ကမ္ဘာ့နိုင်ငံတွေဟာ အရှိန်ကောင်းကောင်းနဲ့ပျံ့နှံ့နေတဲ့ ကိုဗစ်- ၁၉ ရောဂါကို ထိန်းချုပ်နိုင်ဖို့အတွက် အကြိတ်အနယ် ကြိုးစားလျက်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံတွေဟာ ကမ္ဘာ့ကျန်းမာရေးအကျပ်အတည်းဖြစ်တဲ့ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို တားဆီးထိန်းချုပ်ဖို့ နိုင်ငံအသီးသီးက တင်းကျပ်တဲ့မူဝါဒတွေ ချမှတ်အကောင်အထည် ဖော်နေတဲ့အချိန်မှာတောင် ကမ္ဘာ့ကိုဗစ်– ၁၉ အတည်ပြုလူနာပေါင်းဟာ အခုဆိုရင် ၂၅ သန်း ကျော်လွန်လာပြီဖြစ်ပါတယ်။**

## ကမ္ဘာ့ကိုဗစ်– ၁၉ ဖြစ်ပွားမှုအဆိုးဆုံးနိုင်ငံ

ဇူလိုင်လလယ်လောက်ကစပြီး ကမ္ဘာတစ်ဝန်း ပျမ်းမျှအားဖြင့် ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့သူပေါင်းဟာ လေးရက်ကိုတစ်ကြိမ် တစ်သန်းကျော်လောက် ရှိခဲ့တယ်လို့ အေအက်ဖ်ပီစာရင်းတွေအရ သိရပါတယ်။ အိန္ဒိယနိုင်ငံမှာ တစ်နေ့တည်း ကိုဗစ်– ၁၉ အတည်ပြုလူနာအရေအတွက်ဟာ ၇၈၇၆၁ ဦးအထိ ရောက်ရှိခဲ့ပြီး အမြင့်ဆုံးစံချိန် တင်ခဲ့ပါတယ်။

ကမ္ဘာ့ကိုဗစ်– ၁၉ ဖြစ်ပွားမှုအဆိုးဆုံးနိုင်ငံကတော့ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ဩဂုတ် ၃၁ ရက်က ကိုဗစ်– ၁၉ အတည်ပြုလူနာအရေအတွက်ဟာ ၅ ဒသမ ၉၉ သန်းအထိ ရောက်ရှိခဲ့တယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ စာရင်းဇယားတွေမှာ ဖော်ပြထားပါတယ်။ ထို့အတူပဲ ကိုဗစ်–၁၉ ကြောင့် သေဆုံးတဲ့ အရေအတွက်ဟာလည်း ၁၈၃၀၀၀ အထိ ရောက်ရှိခဲ့ပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်သုံးပတ်လောက်မှာ အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့ဖြစ်ပွားသူအရေအတွက်ဟာ ငါးသန်းကျော်အထိ ရောက်ရှိခဲ့ပါတယ်။ ဒါဟာ လေးသန်းကျော်အထိ ရောက်ရှိလာပြီးနောက် ၁၇ ရက်ကျော်အကြာမှာ ငါးသန်းကျော်အထိ တိုးလာခဲ့တဲ့ပမာဏပဲ ဖြစ်တယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်က သူ့ရဲ့စာရင်းတွေမှာ ဆက်လက်ဖော်ပြထားပါတယ်။

## အမေရိကန်စီးပွားရေးကို ခက်ခဲမှုတွေဖြစ်စေ

ကိုဗစ်– ၁၉ ကြောင့် ကမ္ဘာ့အင်အားကြီးဖြစ်တဲ့ အမေရိကန်စီးပွားရေးကို ခက်ခဲမှုတွေ ဖြစ်စေပါတယ်။ ထို့အတူ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ရဲ့ အမေရိကန်သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရရေး မျှော်လင့်ချက်ကိုလည်း အရိပ်မည်းသဏ္ဌာန် လွှမ်းမိုးလို့လာခဲ့ပါတယ်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဟာ ကိုဗစ်– ၁၉ ရောဂါကူးစက်မှုကို လျှော့ချထိန်းချုပ်ဖို့ ကြီးမားတဲ့ဖိအားတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။ အမေရိကန်အစားအစာနှင့် ဆေးဝါးစီမံခန့်ခွဲရေး အကြီးအကဲ စတီဖင်ဟန်းက ဘေးအန္တရာယ်ကင်းပြီး အကျိုးအာနိသင်ထက်မြက်မှုရှိတယ်လို့ အတည်ပြုလိုက်တဲ့အချိန်အထိ စောင့်မနေဘဲ အောင်မြင်မယ်လို့ ပြောရခက်နေသေးတဲ့ ကိုဗစ်– ၁၉ ကာကွယ်ဆေးကို အရေးပေါ်ခွင့်ပြုပေးဖို့ တင်ပြခဲ့ပါတယ်။

## ဖွံ့နပဲကြီးတဲ့ ရန်သူတော်ကြီး

နယူးဇီလန်နဲ့ တောင်ကိုရီးယားနိုင်ငံတို့က ကူးစက်မှုကို ယခင်က ထိန်းချုပ်နိုင်ခဲ့သော်လည်း နောက်ပိုင်းမှာ အစုလိုက်အပြုံလိုက် ပြန်လည် ဖြစ်ပွားလာခဲ့တဲ့ ကိုဗစ်– ၁၉ ဟာ ဖွံ့နပဲကြီးတဲ့ ရန်သူတော်ကြီးအဖြစ် သက်သေပြခဲ့တယ်ဆိုတာ ငြင်းမရနိုင်ခဲ့ပါဘူး။




နီဗားဒါးပြည်နယ် လပ်ဗီးဂတ်စ်မြို့၌ နှာခေါင်းစည်းတပ် သွားလာနေသူများကို တွေ့ရစဉ်။

> **"ကမ္ဘာတစ်ဝန်း ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူတွေဟာ အခုဆိုရင် ၈၅၅၀၀၀ နီးနီး ရောက်ရှိလာပြီ ဖြစ်ပါတယ်။ သို့သော်လည်း ကာကွယ်ဆေး သို့မဟုတ် ထိရောက်တဲ့ကုသမှုတွေ အခုအချိန်အထိ မရှိသေးပါဘူး"**

တခြားကမ္ဘာ့အခြမ်းဖြစ်တဲ့ လက်တင်အမေရိကဟာ ကိုဗစ်– ၁၉ အထိခိုက်ဆုံး ကမ္ဘာ့ဒေသတစ်ခုဖြစ်ခဲ့ပြီး အခုအချိန်အထိ သူ့ရဲ့ပထမလှိုင်းကို ကြိုးစားအန်တုနေရတုန်း ရှိပါသေးတယ်။ ဘရာဇီးမှာဆိုရင်လည်း ကိုဗစ်– ၁၉ ကြောင့် သေဆုံးခဲ့တဲ့သူအရေအတွက်ဟာ ၁၂၀၀၀၀ ကို ကျော်လွန်ခဲ့ပြီးတော့ ကိုဗစ်– ၁၉ ကူးစက်မှုအမြင့်မားဆုံးနိုင်ငံတွေ စာရင်းမှာ အမေရိကန်ပြီးရင် ဒုတိယနေရာမှာ ရပ်တည်လျက်ရှိပါတယ်။

ကမ္ဘာတစ်ဝန်း ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူတွေဟာ အခုဆိုရင် ၈၅၅၀၀၀ နီးနီး ရောက်ရှိလာပြီဖြစ်ပါတယ်။ သို့သော်လည်း ကာကွယ်ဆေး သို့မဟုတ် ထိရောက်တဲ့ ကုသမှုတွေ အခုအချိန်အထိ မရှိသေးပါဘူး။

## ကမ္ဘာ့အစိုးရတွေ ကိုဗစ်– ၁၉ ထိန်းချုပ်ရေး နည်းလမ်းတွေကို တင်းကျပ်

ကမ္ဘာ့အစိုးရတွေကလည်း ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုက ထိန်းချုပ်ဖို့ လူမှုဝေးကွာနေထိုင်ရေးနည်းလမ်းတွေကို လိုက်နာကြဖို့နဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို တင်းကျပ်စွာချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။ ပါးစပ်နှာခေါင်းစည်းကို အများပြည်သူသယ်ယူပို့ဆောင်ရေး နေရာတွေမှာ ဩဂုတ် ၃၁ ရက်ကစပြီး တပ်ကို တပ်ဆင်ရမယ်ဆိုတဲ့ အမိန့်တစ်ရပ်ကို နယူးဇီလန်နိုင်ငံမှာ ပြဋ္ဌာန်းခဲ့တဲ့အတွက် ဆန္ဒပြမှုတွေအထိတောင် ဖြစ်ပွားခဲ့တာတွေ ရှိခဲ့ပါတယ်။ နယူးဇီလန်နိုင်ငံမှာ အခုမှဖြစ်ပေါ်လာတဲ့ ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုမတိုင်မီ ရက်ပေါင်း ၁၀၀ ကျော်အထိ ပြည်တွင်းကူးစက်ပျံ့နှံ့မှု မရှိခဲ့ပါဘူး။

နိုင်ငံရဲ့ လူဦးရေထက်ဝက်ကျော်လောက် နေထိုင်တဲ့ ဆိုးလ်မြို့ပတ်ဝန်းကျင်မှာ ကိုဗစ်– ၁၉ ကူးစက်မှုအသစ်တွေ ဖြစ်ပေါ်နေတဲ့အတွက် တင်းကျပ်တဲ့ ကိုဗစ်– ၁၉ ထိန်းချုပ်မှုတွေကို တောင်ကိုရီးယားနိုင်ငံမှာ ဩဂုတ် ၃၀ ရက်က စတင်ခဲ့ပါတယ်။

အီရတ်နိုင်ငံမှာလည်း ထောင်သောင်းမကတဲ့ ရှီးယိုက်ဘုရားဖူးတွေအားလုံး လက်အိတ်နဲ့ ပါးစပ်နှာခေါင်းစည်းတွေဝတ်ဆင်ပြီး မြင့်မြတ်တဲ့ ကာဘာလာမြို့မှာ ဘာသာရေးအထိမ်းအမှတ်ပွဲတစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ ပုံမှန်အတိုင်းဆိုရင်တော့ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ ဘာသာတရားကိုင်းရှိုင်းသူတွေ သန်းချီလာရောက်လေ့ရှိသော်လည်း ဒီနှစ်မှာတော့ ချုပ်တည်းပြီး အနည်းစုနဲ့သာပြီးဆုံးခဲ့ကြပါတယ်။

## အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ဆန့်ကျင်မှုတွေရှိ

ကိုဗစ်–၁၉ ကူးစက်မှုဟာ မနှစ်မြို့ဖွယ်အရေအတွက်တွေတိုးလာသော်လည်း စီးပွားရေးအရှုံးပေါ်လာတဲ့အတွက် အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေနဲ့ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေရေးတို့ကို ကမ္ဘာကြီးရဲ့ တချို့နေရာတွေမှာ ဆန့်ကျင်လျက်ရှိပါတယ်။

ဘာလင်မှာ ဩဂုတ် ၂၉ ရက်က ကိုဗစ်– ၁၉ ကန့်သတ်ပိတ်ဆို့မှုတွေကို ဆန့်ကျင်ဖို့ လူတွေစုဝေးခဲ့ကြပါတယ်။ သို့သော်လည်း ရဲတွေက နောက်ဆုံးမှာ ဟန့်တားနိုင်ခဲ့ပါတယ်။ ဆန္ဒပြသူအများစုဟာ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ရမယ့် စည်းမျဉ်းတွေကို လေးစားမှုမရှိခဲ့ပါဘူး။

ဆန္ဒပြသူတွေဟာ ဂျာမနီအလံကြီးကို ဝှေ့ယမ်းကာ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်အား ဆန့်ကျင်တဲ့ ကြွေးကြော်သံတွေကို ကြွေးကြော်ခဲ့ကြပါတယ်။ အလားတူဆန္ဒပြမှုတွေဟာ လန်ဒန်နဲ့ ဇူးရစ်တို့မှာလည်း ဖြစ်ပွားခဲ့ပါတယ်။

## စီးပွားရေးနဲ့ လူမှုရေးတွေကို ကမောက်ကမဖြစ်

ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုဟာ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ စီးပွားရေးနဲ့လူမှုရေးတွေကို ကမောက်ကမဖြစ်စေပါတယ်။ အားကစားနဲ့ ဂီတမှစကာ နိုင်ငံရေးနဲ့ ဘာသာရေးအထိ လူစုလူဝေးပြုလုပ်တာတွေကို တားမြစ်ကန့်သတ်ထားပါတယ်။

စပိန်နိုင်ငံမှာလည်း ဘောလုံးအကျော်အမော် လီယွန်နယ်မက်ဆီဟာ ဘာစီလိုနာ လေ့ကျင့်ရေးကွင်းအတွက် ကိုဗစ်– ၁၉ စစ်ဆေးခြင်းနဲ့ လွဲချော်ခဲ့ရတယ်လို့ ကလပ်သတင်းရင်းမြစ်မှာ ဖော်ပြထားပါတယ်။ ကိုဗစ်– ၁၉ စစ်ဆေးခြင်းမရှိဘဲ မက်ဆီအနေနဲ့ သူ့ရဲ့ကစားဖော်တွေနဲ့ ကစားနိုင်မှာမဟုတ်ပါဘူး။

ထို့အပြင် ပွဲကြည့်ပရိသတ်အများအပြား လက်ခံကျင်းပမယ့် ကမ္ဘာ့ထိပ်တန်းအားကစား၊ ယဉ်ကျေးမှုနဲ့ သီချင်းဖျော်ဖြေပွဲတွေဟာ ကိုဗစ်–၁၉ ကူးစက်မှုလျှော့ချမှုတွေရဲ့ကြားမှာ ဘယ်လိုမျိုး ဖြတ်သန်းကျော်လွှားဖို့ ကြိုးစားရဦးမလဲဆိုတာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ထို့အတူ ကိုဗစ်– ၁၉ ဟာ အမေရိကန်အိုးပင် တင်းနစ်ပြိုင်ပွဲတွေကိုလည်း ရိုက်ခတ်ခဲ့ပါတယ်။ ။

**ကိုးကား–အေအက်ဖ်ပီ**

---

## နိုင်ငံတကာသတင်းတိုထွာ

### လက်ဘနွန်ဝန်ကြီးချုပ်အဖြစ် မူစတာဖာအဒစ်ကို ရွေးချယ်

**ဘေရွတ် ဩဂုတ် ၃၁**

ဂျာမနီနိုင်ငံဆိုင်ရာ လက်ဘနွန်သံအမတ်ကြီး မူစတာဖာ အဒစ်ကို လက်ဘနွန်ဝန်ကြီးချုပ်အဖြစ် ဩဂုတ် ၃၁ ရက်တွင် ရွေးချယ်လိုက်ကြောင်း အယ်ဂျာဒစ် ရုပ်သံချန်နယ်တွင်ဖော်ပြထားသည်။

ပါလီမန်မဲပေးမှု၌ မူစတာဖာသည် မဲအရေအတွက် ၁၂၈ မဲတွင် ၉၀ ရရှိခဲ့ကြောင်း ယင်းမဲအရေအတွက်သည် အစိုးရဖွဲ့ရန် လုံလောက်သည့်ပမာဏပင် ဖြစ်သည်။ လက်ဘနွန်နိုင်ငံကို ပြန်လည်ကုစားနိုင်ရေးနှင့် မျှော်လင့်ချက်များ ရှင်သန်လာစေရေးအတွက် နိုင်ငံရေးပါတီများအားလုံး စုစည်းညီညွတ်ရမည့်အချိန်ဖြစ်သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ဘနွန်ပြည်သူများသည် လက်ရှိအချိန်နှင့်အနာဂတ်အတွက် စိုးရိမ်ထိတ်လန့်မှုများနှင့် ရင်ဆိုင်နေရသည်။ တိုင်းပြည်ကို လမ်းကြောင်းမှန်ပေါ်ပြန်လည်ရောက်ရှိစေမည့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### လာအိုနိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်စောင့်ကြည့်နေရသူ ၂၇၀၉ ဦးရှိ

**ဗီယန်ကျင်း ဩဂုတ် ၃၁**

ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လာအိုအမျိုးသားလုပ်ငန်းအဖွဲ့က နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ စိုးရိမ်ပူပန်မှုဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်နေရသူ ၂၇၀၉ ဦးရှိကြောင်း ဩဂုတ် ၃၁ ရက်က ပြောကြားလိုက်သည်။

လာအို ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဆီဆာဗက်ဆူသန်နီရာစေက ဩဂုတ် ၃၁ ရက်တွင် သတင်းစာရှင်းလင်းပွဲကျင်းပရာ နိုင်ငံတစ်ဝန်း ရောဂါထိန်းသိမ်းစောင့်ကြည့်ရေးနေရာပေါင်း ၄၄ ခုတွင် လူပေါင်း ၂၇၀၉ ဦးကို စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း ပြောကြားလိုက်သည်။

လာအိုအစိုးရက ရောဂါကာကွယ်ရေးဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး လာအိုနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများကိုလည်း အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ လာအိုသို့ လာရောက်သူများအနေဖြင့် ၁၄ ရက်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၃၀ ရက်က စုစုပေါင်း ၂၁၃၁ ဦး လာအိုနိုင်ငံသို့ နိုင်ငံတကာနယ်စပ်စစ်ဆေးရေးဂိတ်များမှတစ်ဆင့် ဝင်ရောက်လာခဲ့သည်။ ၎င်းတို့အနက် လူပေါင်း ၈၀၀ ထိုင်းနယ်စပ်မှတစ်ဆင့် ဝင်ရောက်လာခဲ့သည်။ အလားတူ လာအိုနိုင်ငံသို့ အခြားနိုင်ငံများမှလည်း ဝင်ရောက်လာခဲ့ကြရာ ၎င်းတို့ကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ပြီး မည်သူမျှ အဖျားမရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၆၈**

**ရက်သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

## ကြည့်မြင်တိုင်မြို့နယ်၌ ကိုယ်စားလှယ်လောင်း ၄၀ ပါဝင်ရွေးချယ်ခံမည်

ရန်ကုန် ဩဂုတ် ၃၁

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်၌ ပါတီရှစ်ဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၄ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းသုံးဦး၊ ကရင်တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်လောင်း ခုနစ်ဦး၊ ရခိုင်တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်လောင်းခြောက်ဦး စုစုပေါင်းကိုယ်စားလှယ်လောင်း၄၀ တို့က ဝင်ရောက်အရွေးချယ်ခံကြမည်ဖြစ်ကြောင်း ရန်ကုန်အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

ပါတီရှစ်ပါတီမှာ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီပါတီအင်အားစုပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်သူ့ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့ဖြစ်သည်။

တစ်သီးပုဂ္ဂလအနေဖြင့် တိုင်းဒေသကြီးကိုယ်စားလှယ်များနေရာတွင်သာ ဝင်ရောက်အရွေးချယ်ခံကြမည်ဖြစ်ပြီး ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်မြေ(၁)၌ ဦးခင်လှိုင်(ဇော်တိက)က လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်မြေ(၂)တွင် ဦးစိုင်းဝဏ္ဏထွန်းနှင့် ဦးအောင်သွင်ဦးတို့က ဝင်ရောက်ရွေးချယ်ခံကြမည်ဖြစ်သည်။

ကြည့်မြင်တိုင်မြို့နယ်တွင် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့လွှတ်တော်နေရာ၌ ဦးဇော်ဝင်း (NLD)၊ အမျိုးသားလွှတ်တော်နေရာ၌ ဦးမောင်မောင်(NLD)၊ တိုင်းဒေသကြီးနယ်မြေ(၁)၌ ဦးကျော်နန္ဒအောင်(NLD)၊ တိုင်းဒေသကြီးနယ်မြေ(၂)၌ ဦးခင်ဝင်း (NLD) တို့က ရှိနေသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း တစ်သီးပုဂ္ဂလနှင့် ပါတီ ၁၈ ပါတီမှ ကိုယ်စားလှယ်လောင်း ၁၉၀ ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၃၁

၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှ တစ်သီးပုဂ္ဂလနှင့် ပါတီအသီးသီးမှ ယှဉ်ပြိုင်အရွေးခံကြမည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ယနေ့ နံနက်ပိုင်းမှစ၍ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကြေညာကပ်ထားသည်ကို တွေ့ရသည်။ အလားတူ ခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာပေးမည်ဖြစ်သည်။



ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နေရာများအတွက် တစ်သီး ပုဂ္ဂလနှင့်ပါတီ ၁၈ ပါတီမှ ကိုယ်စားလှယ်လောင်း ၁၉၀ တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။ **သန်းဝင်း(သန်လျင်)**

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

# လူမှုအသိုင်းအဝိုင်း လုံခြုံရေး



ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့်ပြဿနာများသည် များပြားပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ARSA အကြမ်းဖက်အဖွဲ့က စတင်တိုက်ခိုက်မှုများရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် စိန်ခေါ်မှုများစွာရင်ဆိုင်ခဲ့ရပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် AA အဖွဲ့၏ စတင်တိုက်ခိုက်မှုများကြောင့် စိန်ခေါ်မှုများ ပိုမိုရင်ဆိုင်ခဲ့ရပါကြောင်း၊ ပြည်သူများလည်း များစွာဒုက္ခရောက်ခဲ့ကြပါကြောင်း၊ တိုက်ပွဲများဖြစ်သည့်အခါ အပြစ်မဲ့ပြည်သူများ ထိခိုက်ကြရပါကြောင်း၊ မိမိတို့ ပြည်သူများကို ကာကွယ်ရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်ရပါကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဆက်စပ်နေသည်မှာ လူမှုအသိုင်းအဝိုင်း လုံခြုံရေးဖြစ်ပါကြောင်း၊ ယင်းကိစ္စတွင် ကျန်းမာရေးလည်း ပါဝင်ပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေရမည်ဆိုပါက လူမှုအသိုင်းအဝိုင်းတွင် လုံခြုံမှုမရှိနိုင်သည့်အတွက် တစ်ချိန်လုံးစိုးရိမ်နေရပါကြောင်း၊ ကိုဗစ်–၁၉ နှင့်ပတ်သက်၍ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများ ထပ်တလဲလဲ ထုတ်ပြန်သတိပေးထားပါကြောင်း။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုး သားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

# ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၁၀၇ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၈၈၂ ဦး ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၃၁

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၁၀၇ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၈၈၂ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၈၈၂ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၅၄ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၄၇ ဦးနှင့် ဩဂုတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီ အတွင်း စောင့်ကြည့်လူနာအသစ် ၆၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၇၈၄၃ | ၈၈၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၅၄ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၆၂၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၄၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃၁–၈–၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

# COVID–19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၃၁

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(**အစား**) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

## ၃၁-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၁၇၇၀၉၂ | ၃၄၂၅၉၂၅ | ၁၈၇၂၄၈ |
| ၂။ | ဘရာဇီး | ၃၈၆၂၃၁၁ | ၃၀၃၁၅၅၉ | ၁၂၀၈၉၆ |
| ၃။ | အိန္ဒိယ | ၃၆၄၁၀၄၈ | ၂၇၉၁၂၆၄ | ၆၄၈၀၇ |
| ၄။ | ရုရှား | ၉၉၅၁၁၉ | ၈၁၉၃၈၇ | ၁၇၁၇၆ |
| ၅။ | ပီရူး | ၆၄၇၁၆၆ | ၄၅၅၄၅၇ | ၂၈၇၈၈ |
| ၆။ | တောင်အာဖရိက | ၆၂၅၀၅၆ | ၅၃၈၆၀၄ | ၁၄၀၂၈ |
| ၇။ | ကိုလံဘီယာ | ၆၀၇၉၃၈ | ၄၅၀၆၂၁ | ၁၉၃၆၄ |
| ၈။ | မက္ကဆီကို | ၅၉၅၈၄၁ | ၄၁၂၅၈၀ | ၆၄၁၅၈ |
| ၉။ | စပိန် | ၄၅၅၆၂၁ | စိစစ်ဆဲ | ၂၉၀၁၁ |
| ၁၀။ | ချီလီ | ၄၀၉၉၇၄ | ၃၈၂၅၈၄ | ၁၁၂၄၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၁– ၈ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၂၀၈၁၉ | ၁၅၇၅၆၂ | ၃၅၅၈ |
| အင်ဒိုနီးရှား | ၁၇၄၇၉၆ | ၁၂၅၉၅၉ | ၇၄၁၇ |
| စင်ကာပူ | ၅၆၈၁၂ | ၅၅၅၈၆ | ၂၇ |
| မလေးရှား | ၉၃၄၀ | ၉၀၅၄ | ၁၂၇ |
| ထိုင်း | ၃၄၁၂ | ၃၂၅၂ | ၅၈ |
| ဗီယက်နမ် | ၁၀၄၄ | ၇၀၇ | ၃၄ |
| မြန်မာ | ၈၈၂ | ၃၅၄ | ၆ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၆၆ | ၀ |
| ဘရူနိုင်း | ၁၄၄ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၃၀-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ဒုတိယအသုတ်ဓာတ်ခွဲနမူနာ (၁,၀၀၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဒုတိယအသုတ်ဓာတ်ခွဲနမူနာ (၃၇) ခု၊
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉) ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၉၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၈) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၁၇၂) ခုအား ထပ်မံစစ်ဆေးခဲ့ရာ-
  - COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦးတွေ့ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၃၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁,၀၀၀) ခု |
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇) ခု |
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) မှ ဓာတ်ခွဲနမူနာ | (၉)ခု |
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၈) ခု |
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၃၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၂) ဦး | (၇၈၇) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

၂။ သို့ဖြစ်ရာ (၃၀-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၅၇၀) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၄၁၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၀၁) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉)ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၉၈) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၈) ခု စုစုပေါင်း (၂,၄၂၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၈) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၆) ဦး တွေ့ရှိကြောင်းအား (၃၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၃၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၇၈၇)ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၃၁-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| *776 | ၄၂ | ကျား | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| 777 | ၂၈ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 778 | ၄၇ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 779 | ၅၉ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-650) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 780 | ၂၂ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 781 | ၂၀ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| *782 | ၄၀ | ကျား | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့) |
| *783 | ၂၈ | ကျား | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့) |
| *784 | ၂၈ | မ | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့) |
| *785 | ၄၉ | မ | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့) |
| 786 | ၅၄ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊စစ်တွေမြို့) |
| 787 | ၄၀ | မ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်တော်မြို့) |

(*) လွန်ခဲ့သော (၁၄) ရက်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါကူးစက်ဖြစ်ပွားရာဒေသများသို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိပါသည်။

## ဖျာပုံမြို့နယ်၌ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်သွားလာရေး စစ်ဆေးဆောင်ရွက်

ဖျာပုံ ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန် နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာသူများအနေဖြင့် နှာခေါင်းစည်းများ မဖြစ်မနေ တပ်ဆင်သွားလာစေရေးအတွက် မြို့ပေါ်လူစည်ကားရာ နေရာများ၌ စစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ဦးဆောင်ပြီး ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာပါက နှာခေါင်းစည်းတပ်ဆင်သွားလာနိုင်ရေးအတွက် ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ အသိပညာပေး ကာလအဖြစ် သတ်မှတ်ကာ ဩဂုတ် ၃၀ ရက်မှစတင်၍ ဖျာပုံမြို့နယ်အတွင်း၌ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာသူများအား နှာခေါင်းစည်းတပ်ထားခြင်းမရှိပါက နှာခေါင်းစည်း သုံးခုလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူစေကာ ယခုဝယ် ယခုတပ်စနစ်ဖြင့် ဆောင်ရွက်နေကြောင်း၊ ဩဂုတ် ၃၀ ရက်တွင် ဖျာပုံမြို့နယ်အတွင်း၌ နှာခေါင်းစည်းမတပ်၍ ယခုဝယ် ယခုတပ် စနစ်ဆောင်ရွက်ရသူပေါင်း ၃၀ ရှိနေကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာသူများအားလုံး နှာခေါင်းစည်းများ တပ်ဆင်ခြင်းမရှိပါက ယခုဝယ် ယခုတပ်စနစ်ကို ဆက်လက်ဆောင်ရွက်သွားရန် တိုင်းဒေသကြီး၊ အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ညွှန်ကြားထားကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## ဩဂုတ် ၃၁ ရက်အထိ လောက်ကိုင်နှင့် ချင်းရွှေဟော်မြို့များရှိ နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်သည့် နေရပ်ပြန်ပြည်သူ ၁၅၅၇၄ ဦးရှိ

လားရှိုး ဩဂုတ် ၃၁

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ မူဆယ်မြို့၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် နေ့စဉ်ဝင်ရောက်လျက်ရှိရာ နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မေ ၆ ရက်မှ စတင်ကာ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၃၁ ရက်တွင် နေရပ်ပြန်ပြည်သူ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၂၈ ဦးတို့အား လွှဲပြောင်းပို့ဆောင်ခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၂၈ ဦးတို့တွင် ကချင်ပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ တစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ ရှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ရှစ်ဦး ၊ ရခိုင်ပြည်နယ်မှ တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦးတို့ဖြစ်သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မေ ၆ ရက်မှ ဩဂုတ် ၃၁ ရက်အထိ နေရပ်ပြန်ပြည်သူ အမျိုးသား ၉၅၆၅ ဦး၊ အမျိုးသမီး ၆၀၀၉ ဦး စုစုပေါင်း ၁၅၅၇၄ ဦးတို့အား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နန်းသန္တာဦး (ပြန်/ဆက်)**

## ဆေးဝါးကျွမ်းကျင်သူများ သမဝါယမအသင်း လီမိတက်မှ ဆေးဝါးများ ထုတ်လုပ်ရောင်းချပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဆေးဝါးကျွမ်းကျင်သူများ သမဝါယမအသင်းလီမိတက်သည် ကိုဗစ်-၁၉ ကာလအတွင်း အများပြည်သူများလိုအပ်လျက်ရှိသော ဆေးဝါးများ ထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ချိရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ထုတ်လုပ်ရောင်းချပေးရာတွင် အရက်ပြန်၊ Germitol (ဂျာမီတော) အဆင့်မြင့် ကြမ်းတိုက်ဆေးရည်၊ Lervinol (လာဗီနော) ရေမွှေးနံ့ ပိုးသန့်စင်ဆေးရည်များကို FDA ထောက်ခံချက်အမှတ်၊ 9912-PL-0016 (96) ဖြင့် ထုတ်လုပ်၍ ဓာတုကုန်ကြမ်းဆိုင်များ၊ ပုဂ္ဂလိကဆေးဆိုင်များ၊ အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် နယ်မြို့များသို့ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
(၃၁–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၃၂) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၈) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၄) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၃) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မူဆယ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (လွိုင်ကော်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၉၅) ဦး |

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
(၃၁–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၉၅) ဦး | (၈၈၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၅၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၄၆ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၃၁**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၄၆ ဦးသည် မြဝတီမြို့ မြန်မာ–ထိုင်း အမှတ် (၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် **(ယနေ့)** ဩဂုတ် ၃၁ ရက်တွင် ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၂ ဦး စုစုပေါင်း ၇၁၆၁၃ ဦးတို့ ပြန်လည်ဝင်ရောက်ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၂၆၀၊ အမျိုးသမီး ၁၈၆ ဦး စုစုပေါင်း ၄၄၆ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင် (ပြန်/ဆက်)**

# မြောက်ဦး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေခြင်းများဆောင်ရွက်

**မြောက်ဦး ဩဂုတ် ၃၁**

မြောက်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန်နှင့် ကူးစက်ပြန့်ပွားမှုများအား ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေး အသိပညာပေး နှိုးဆော်ခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို ယနေ့နံနက် ၉ နာရီက ကိုဗစ်-၁၉ အသိပညာပေးရေးနှင့် သတင်းစုဆောင်း ထုတ်ပြန်ရေးလုပ်ငန်းကော်မတီအဖွဲ့က မြို့ပေါ်ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်သည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က မြို့မဈေးကြီး၊ ကားဂိတ်၊ သင်္ဘောဆိပ်နှင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ လူစည်ကားရာ နေရာများသို့ သွားရောက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအား အသံချဲ့စက်ဖြင့် လှည့်လည် အသိပေးနှိုးဆော်သည်။

ယင်းနောက် ပြည်သူများအား မိမိအိမ်တွင်သာ နေထိုင်ကြရန်၊ မဖြစ်မနေအိမ်အပြင်သွားပါက ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ပြီးမှသွားလာကြရန်၊ အရာဝတ္ထုတစ်ခုခုအား ထိတွေ့ကိုင်တွယ်မိတိုင်း လက်ကို ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ စနစ်တကျ ဆေးကြောကြရန်နှင့် လူစုလူဝေးအား ရှောင်ရှားကြရန် အသိပညာပေးပြီး နှာခေါင်းစည်း မပါရှိသူများအား နှာခေါင်းစည်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးသည်။

မြောက်ဦးမြို့နယ်တွင် ကိုဗစ် – ၁၉ ကူးစက် ပြန့်ပွားမှုများအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ပြည်သူများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေး နှိုးဆော်ခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး (ပြန်/ဆက်)**




# ဒီးမော့ဆိုမြို့မဈေး၌ မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေး

**ဒီးမော့ဆို ဩဂုတ် ၃၁**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုမဖြစ်ပွားစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ လူစည်ကားရာနေရာတစ်ခုဖြစ်သော ဒီးမော့ဆိုမြို့မဈေး၌လည်း ရောဂါကာကွယ်ရေးအတွက် ဈေးအတွင်း ဝင်ထွက်သွားလာကြသည့် ပြည်သူများအနေဖြင့် မဖြစ်မနေ နှာခေါင်းစည်း တပ်ဆင်ရေး အသိပညာပေးခြင်းနှင့် စစ်ဆေးမှုများကို ဩဂုတ် ၃၁ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင် ဦးဆောင်သော ဌာနဆိုင်ရာများနှင့် ဈေးကော်မတီဝင်များက ဈေးအဝင်အထွက်နေရာများ၌ စောင့်ဆိုင်း၍ ဈေးသို့လာသူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် နေအိမ်ပြင်ပသို့ ထွက်ခွာတိုင်း နှာခေါင်းစည်းတပ်ဆင်၍ သွားလာကြရန်နှင့် ဈေးအတွင်းသို့ ဝင်ရောက်မည့်သူများအနေဖြင့်လည်း မဖြစ်မနေ နှာခေါင်းစည်းတပ်ရန် အသိပညာပေးမှုများ ဆောင်ရွက်ခြင်းဖြစ်သည်။

ဒီးမော့ဆိုမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားစေရေးအတွက် ရပ်ကွက်၊ ကျေးရွာများ၊ ဈေးများတွင် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသည့်အပြင် မြို့နယ်အဝင်အထွက် ပူးပေါင်းစစ်ဆေးရေးဂိတ်များ၌လည်း မြို့နယ်အတွင်းသို့ ဝင်ရောက်မည့်သူများအား ကျန်းမာရေးစစ်ဆေးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရီရယ်(ပြန်/ဆက်)**

# ကိုဗစ်–၁၉ လမ်းညွှန်ချက်နှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ၄၈၅ သိန်း ပဉ္စမအကြိမ် ပြန်လည်ထုတ်ချေး

**ဝန်းသို ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ကိုဗစ်–၁၉ လမ်းညွှန်ချက်နှင့်အညီ မြစိမ်းရောင် ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ၄၈၅ သိန်း ပဉ္စမအကြိမ်ပြန်လည် ထုတ်ချေးပွဲကို ယနေ့နံနက် ၁၁ နာရီက ပေကုန်းအောင်ချမ်းသာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မိုးတွင်းကာလ တောင်သူများ စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ရရှိစေရန်ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန၊ လက်ထောက်ဦးစီးမှူး ဦးရန်နိုင်ထွန်းက စပါးစိုက်ပျိုးရာတွင် ဓာတ်မြေဩဇာ ထည့်သွင်းကြဲပက်နည်း၊ မြေဆီထိန်းသိမ်းပုံအကြောင်း အသိပညာပေး ဟောပြောသည်။

ထိုသို့ထုတ်ချေးရာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ချေးယူသူလက်ဝယ်အရောက် ချေးငွေထုတ်ချေးပေးရာတွင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြပြီး စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် တောင်သူ ၅၈ ဦး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် တောင်သူ ၄၇ ဦး၊ အသေးစားရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် ၁၀ ဦးတို့ကို ငွေကျပ်သိန်း ၄၈၅ သိန်း ပြန်လည်ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


● *ကျောဖုံးမှ*

တာဝန်ယူဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများအား သွားထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီဝင်များနှင့် ရှမ်းတောင်ပရဟိတညီနောင်များကွန်ရက် ပူးပေါင်းအဖွဲ့တို့က တောင်ကြီးမြို့နယ် ရွှေညောင်မြို့ပေါ်ရှိ ယာယီဈေးဖြစ်သော နောင်အင်ယာယီဈေး၊ ရွှေညောင်ယာယီဈေး၊ ရွှေညောင်ဘူတာယာယီဈေးတို့တွင် “ဘယ်ကိုသွားသွား နှာခေါင်းစည်း တပ်သွား။ ဈေးဝယ်၊ဈေးလာ နှာခေါင်းစည်း တပ်ပါ။ ဈေးရောင်းသူများ နှာခေါင်းစည်းတပ်ထား။ ကိုဗစ်– ၁၉ ကင်းဝေးဖို့ နှာခေါင်းစည်း တပ်ကြပါစို့” အသိပညာပေး ဆောင်ပုဒ်အဖြစ် ပြုလုပ်ပေးခဲ့ပြီး နှာခေါင်းစည်း ၃၀၀၀ ကျော်ကို အခမဲ့ဝေငှပေးခဲ့သည်။ ထို့အတူ တောင်လေးလုံး စစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေသူ ၂၈ ဦးအတွက် ရိက္ခာထုပ် ၅၀ ကို သွားရောက်ထောက်ပံ့ပေးကြသည်။

အဆိုပါ စားနပ်ရိက္ခာထုပ်တွင် ဆန် သုံးပြည်၊ ဆီ ၁၅ ကျပ်သား၊ ကုလားပဲ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ အချိုရည်ဘူး၊ လက်အိတ်နှစ်ဘူး၊ နှာခေါင်းစည်း ၁၀၀၀ တို့ကို ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၊ ရှမ်းတောင်ပရဟိတ ညီနောင်များ ကွန်ရက်မှ ပေးအပ်ရာ တောင်လေးလုံး စစ်ဆေးရေးဂိတ် တာဝန်ရှိသူတစ်ဦးက လက်ခံရယူကြောင်း သိရသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**



တည်ဆောက်ပြီးစီးပါက တွေ့ရမည့် တာဆန်းကြိုးတံတားပုံ။

# သံလွင်မြစ်ကူးကြိုးတံတားအသစ်(တာဆန်း)တည်ဆောက်

**ရန်ကုန် ဩဂုတ် ၃၁**

သံလွင်ကြိုးတံတား (တာဆန်း)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ကို ဆက်သွယ်သော နမ့်ဆမ်- မိုးနဲ- မိုင်းပန်- မိုင်းတုံ- မိုင်းဆတ်- တာချီလိတ်ကားလမ်း မိုင်းပန်မြို့နယ် တွင်တည်ရှိသည်။

အဆိုပါ တံတားကြီးကို ယခုအခါ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)က တည်ဆောက်လျက်ရှိရာ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၀၀၀၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၀၀၀ နှင့် ကိုဗစ်-၁၉ ပြန်အပ်နှံရန်ပုံငွေကျပ်သန်း ၅၀၀ နှင့် တည်ဆောက်လျက်ရှိရာ တံတားတစ်စင်းလုံး ၆ ရာခိုင်နှုန်းပြီးပြီဟု သိရသည်။ အဆိုပါကြိုးတံတားကြီး ဆက်လက်တည်ဆောက်ရန်အတွက် ဩစတြီးယားနိုင်ငံ Uni Credit Bank က အတိုးမဲ့ချေးငွေယူရို ၈ ဒသမ ၄ သန်းချေးယူ၍ ဆက်လက်တည်ဆောက်မည်ဟု သိရသည်။

ယခင်ကြိုးတံတားဟောင်းသည် ၁၆ တန်သာ ခွင့်ပြုနိုင်သောကြောင့် ယခုအခါမှာ ၁၀ ဘီးနှင့် အထက် ကုန်တင်ယာဉ်ကြီးများ တံတားသို့ရောက်ရှိလာပြီး ယာဉ်ကုန် ၁၆ တန်ထက်ကျော်လွန်နေလျှင် တစ်ဖက်ကမ်းသို့ယာဉ်ငယ်များဖြင့် ပို့ဆောင်နေရသည့်အတွက် အချိန်ကြာမြင့်ခြင်း၊ သယ်ယူပို့ဆောင်ခများ အပိုကုန်ကျခြင်းတို့ကြောင့် ကုန်ပစ္စည်းဈေးနှုန်းမှာ သာမန်ထက် မြင့်တက်လျက်ရှိကြောင်းသိရသည်။ ထို့ကြောင့် ယခင်ကြိုးတံတားဟောင်း နေရာတွင် တံတားသစ်ကို ကပ်လျက် တည်ဆောက်နေခြင်း ဖြစ်သည်။ ယခုတည်ဆောက်နေသည့် ကြိုးတံတားအမျိုးအစားမှာ H5-25 load class အမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။

**ခရမ်းစိုးမြင့်**

## တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင် မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ကေများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့်သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ချူးစန္ဒီနွေ၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၀၅၊ ငွေစာရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၈၀၄၊ ၀၁-၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၈ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၉၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၅/၅၉၀ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၅/၆၀၀ | ကျပ် | ၆၀၀/၆၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၀၅/၅၄၀ | ကျပ် | ၅၆၅/၅၇၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၃၅/၆၅၀ | ကျပ် | ၆၉၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၁ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၅ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၈ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၃ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၇ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၀ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၂၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၇၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၇၃၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၈၀၀ | ၈၆၉ | ၈၅၃၃၁၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၁၂၀၆ | ၄၄၃၀၈၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၉၂၁ | ၇၁၈၃၈၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၈၅၁ | ၁၈၂၉၆၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၆၆၅ | ၁၇၉၅၅၀၀ |
| EFR | ၃၁၀၀ | ၃၀၅၀ | ၇၃ | ၂၂၆၀၀၀ |

ခင်ရတနာ - စုစည်းသည်

# ငြိမ်းချမ်းသာယာသော ဘားအံခရိုင်သို့

မောင်သာ(ရှေးဟောင်းသုတေသန)

**တစ်ချိန်သောကာလက တည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့် ကရင်ပြည်နယ်သည် ယခုအချိန်တွင် ငြိမ်းချမ်းမှုနှင့်အတူ တိုးတက်ဖွံ့ဖြိုးနေသည့် ဒေသတစ်ခုအဖြစ် ရပ်တည်နေပေသည်။ မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင် တည်ရှိသည့် ကရင်ပြည်နယ်ကို ခရိုင်လေးခု၊ မြို့နယ် ခုနစ်ခုဖြင့် ဖွဲ့စည်းထားရာ ပြည်နယ်မြို့တော် ဘားအံနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ထားသည့် မြဝတီမြို့နယ်တို့သည် ကရင်ပြည်နယ်၌ အထင်ရှားဆုံးမြို့နယ်များ ဖြစ်ကြသည်။ ဘားအံခရိုင်ကို ဘားအံမြို့နယ်၊ လှိုင်းဘွဲမြို့နယ်၊ သံတောင်ကြီးမြို့နယ်တို့နှင့် ဖွဲ့စည်း၍ ကော့ကရိတ်ခရိုင်ကို ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တို့နှင့် ဖွဲ့စည်းကာ ဖာပွန်ခရိုင်ကို ဖာပွန်မြို့နယ်၊ မြဝတီခရိုင်ကို မြဝတီမြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။**



ဘားအံမြို့နယ်ရှိ ကျောက်ကလပ်

**ဘားအံသို့**

ဘားအံခရိုင်ကို ၁၉၅၄ ခုနှစ် ဇွန်လ ၁ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ဘားအံမြို့သည် ရှေးအခါက သံလွင်မြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည့် ရွာငယ်တစ်ခုဖြစ်ကာ လွန်ခဲ့သည့် နှစ် ၁၅၀ ကျော်က အိမ်ခြေ ၂၀၀ ဝန်းကျင်သာရှိခဲ့ပြီး ကရင်၊ ရှမ်း တောင်သူ တိုင်းရင်းသားများနှင့် ထိုင်းလူမျိုးများ နေထိုင်ခဲ့ကြသည်။ ရွာတည်ထားသည့် သံလွင်မြစ်ကမ်းစွယ်မှ ကျောက်စွန်းကို အစွဲပြုလျက် ကျေးရွာအမည်ကို ရှမ်းဘာသာဖြင့် ဖားအမ်းဟု ခေါ်ဆိုခဲ့ရာမှ ကာလကြာမြင့်လာချိန်တွင် ဖားအမ်းမှ ဖားအံ၊ ဘားအံဟု ပြောင်းလဲခဲ့သည်။

ဘားအံသည် တစ်စတစ်စ လူနေအိမ်ခြေ များလာခဲ့ပြီးနောက် ၁၈၅၅ ခုနှစ်တွင် ဇာသပြင်တိုက်နယ်အုပ်ချုပ်မှုအောက်တွင် တိုက်နယ်အဆင့်ကျေးရွာဖြစ်လာခဲ့သည်။ ၁၈၆၆ ခုနှစ်တွင် ဘားကပ်ကို မြို့အဖြစ်သတ်မှတ်ခဲ့ပြီးနောက် ဘားအံသည် ဘားကပ်၏ အုပ်ချုပ်မှုအောက်သို့ရောက်ရှိခဲ့ပြီး ၁၈၉၂ ခုနှစ်တွင် လက်ထောက်မြို့ပိုင်အုပ်ချုပ်သည့်မြို့ ဖြစ်လာခဲ့သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၅၃ ပေမြင့်သည့် ဘားအံမြို့နယ်သည် မြေပြန့်နည်းပါး၍ ကုန်းမြင့်များ ပေါများကာ မြို့နယ်အတွင်းရှိ တောင်စွယ်တောင်တန်းများအနက် ဘားအံမြို့မှ တောင်ဘက် ကိုးမိုင်အကွာတွင်ရှိသည့် ၂၇၂၇ ပေမြင့်သော ဇွဲကပင်တောင်သည် အထင်ရှားဆုံးဖြစ်သည်။ ဘားအံမြို့နယ်အတွင်း၌ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ ဒုံသမိချောင်းနှင့် ဇာသပြင်ချောင်း အပါအဝင် မြစ်ချောင်းများ စီးဆင်းနေကြသည်။ ကားလမ်းများ တိုးတက်ကောင်းမွန်ခြင်းမရှိမီအချိန်က ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းက သံလွင်မြစ်ကြောင်းတစ်လျှောက် သင်္ဘောများ ပြေးဆွဲခဲ့သည်။

လက်ရှိအချိန်တွင် ဘားအံမြို့နယ်ကို ရပ်ကွက် ကိုးခု၊ ကျေးရွာအုပ်စု ၉၁ ခု၊ ကျေးရွာ ၄၇၇ ရွာဖြင့် ဖွဲ့စည်းထားရာ ဘားအံမြို့နယ်အတွင်း နေထိုင်သူဦးရေသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ ၄၀၅၀၂၉ ဦးဖြစ်၍ ကရင်လူမျိုးလူဦးရေသည် ၂၂၈၂၅၄ ဦးဖြစ်ကာ မွန်၊ ပအိုဝ်းနှင့် ဗမာလူမျိုးများလည်း နေထိုင်ကြသည်။ ဘားအံမြို့နယ်မှ ပြည်သူများသည် ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြပြီး ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာတို့ကို ကိုးကွယ်ကြသူများလည်း ရှိသည်။

ဒေသနေပြည်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးမြူကြသည်။ ထို့ကြောင့် မြို့နယ်၏ အသားတင်စိုက်ပျိုးမြေ ၃၅၃၁၉၄ ဧကတွင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကြံနှင့် အစေ့ထုတ်ပြောင်းကို စိုက်ပျိုးသည်။ ထို့အတူ နှစ်ရှည်ပင်များဖြစ်သည့် ရော်ဘာနှင့် ကော်ဖီတို့ကိုလည်း စိုက်ပျိုးကြသည်။ ဒေသတွင်း ဆန်ဖူလုံမှုသည် ၁၈၄ ဒသမ ၄၆ ရာခိုင်နှုန်းနှင့် ဆီဖူလုံမှုမှာ ၁၁၉ ဒသမ ဝ၂ ရာခိုင်နှုန်းရှိသည်။

စိုက်ပျိုးရေးအပြင် ဘားအံမွေးမြူရေးဇုန်၌ နွား၊ ဝက်၊ သိုး၊ ဆိတ်နှင့် ကြက်တို့ကို မွေးမြူသည်။ စက်မှုကဏ္ဍတွင် ဘားအံစက်မှုဇုန်၌ စက်ရုံ ၂၇ ရုံ၊ မြို့နယ်အတွင်း၌ စက်မှုလုပ်ငန်း ၂၅၁ ခု၊ အလုပ်ရုံ ၉၀ နှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ခုနစ်ခုသည် လုပ်ငန်းများ လည်ပတ်လျက်ရှိသည်။

သစ်တောကဏ္ဍတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်း ၈၀၁၅ ဒသမ ၈၇ ဧက၌ ကျွန်း၊ သစ်မာမျိုးစုံနှင့် ရော်ဘာပင်များကို စိုက်ပျိုးထားရာ စုစုပေါင်း အပင် ၄၃၂၈၅၇၀ ရှိသည်။ သစ်တောထွက်ပစ္စည်းများဖြစ်သည့် သစ်ခေါက်၊ ပျားရည်၊ ဘုမ္မရာဇာနှင့် လင်းနို့ချေးတို့ကို ထုတ်လုပ်သည်။

ဘားအံမြို့နယ်၌ ပေ ၁၈၀ အထက်တံတား ငါးစင်းရှိသည့်အနက် ၂၅၂၅ ပေရှည်သည့် သံလွင်တံတားကို ၁၉၉၇ ခုနှစ် ဩဂုတ် ၃ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာရပ်များ သင်ယူနိုင်ရန် ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်နှင့် စိုက်ပျိုးရေးသိပ္ပံတို့ကို ဖွင့်လှစ်ထားသည်။ ထို့အတူ အခြေခံပညာကဏ္ဍတွင် အစိုးရအထက်တန်းကျောင်း ၃၁ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၁၈ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၃၀၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၃၅၅ ကျောင်း ဖွင့်လှစ်ထားသည်။

ဒေသနေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ခုတင် ၂၀၀ ဆံ့ ကရင်ပြည်နယ် ဆေးရုံကြီး၊ ၂၅ ခုတင်ဆံ့ မြိုင်ကလေးဆေးရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ လေးရုံ၊ ဘားအံတိုင်းရင်းဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ နှစ်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၇၅ ခုတို့ကို ဖွင့်လှစ်ထားသည်။


ဘားအံမြို့နယ်၌ ဘုရားစေတီ ၂၀၁ ဆူ၊ ခရစ်ယာန် ဘာသာရေးအဆောက်အအုံ ၁၃ ခု၊ အစ္စလာမ် ဘာသာရေးဆိုင်ရာ အဆောက်အအုံ ၂၀၊ ဟိန္ဒူဘုရားကျောင်း ၂၃ ခုနှင့် တရုတ်ဘုရားကျောင်းနှစ်ခု ရှိသည့်အနက် ဇွဲကပင်ဆံတော်ရှင်စေတီ၊ ရွှေရင်မျှော်စေတီနှင့် သေဋ္ဌမာန်အောင်ဘုရားတို့သည် ထင်ရှားကြသည်။

ဘားအံမြို့နယ်အတွင်းရှိ ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထား၍ ဘုရင့်ညီဂူသည်လည်း ထင်ရှားသော ရှေးဟောင်းဂူတစ်လုံးဖြစ်သည်။

**လှိုင်းဘွဲသို့**

ရန်ကုန်မြို့မှ အရှေ့ဘက်သို့ ၃၁၇ ကီလိုမီတာနှင့် ဘားအံမြို့မှ အရှေ့မြောက်ဘက်သို့ ၃၈ ကီလိုမီတာကွာဝေးသည့် လှိုင်းဘွဲမြို့နယ်သည် ဂျိုင်းမြစ်၏ လက်တက်တစ်ခုဖြစ်သည့် လှိုင်းဘွဲချောင်းကမ်းတွင် တည်ရှိသည်။ လှိုင်းဘွဲမြို့နယ်ကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်တွင် ဖွဲ့စည်း၍ ရှမ်းရွာသစ်မြို့ကို ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊ ပိုင်ကျုံမြို့ကို ၂၀၁၄ ခုနှစ်တွင် လည်းကောင်း ဖွဲ့စည်းခဲ့သည်။ လှိုင်းဘွဲမြို့နယ်သည် ၁၆၇၁ ဒသမ ၄၄ စတုရန်းမိုင် ကျယ်ဝန်း၍ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ဘားအံမြို့နယ်နှင့် ဖာပွန်မြို့နယ်၊ တောင်ဘက်တွင် မြဝတီမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်၊ မြောက်ဘက်တွင် ဖာပွန်မြို့နယ်နှင့် နယ်နိမိတ်ထိစပ်နေသည်။

လှိုင်းဘွဲမြို့နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိ၍ မြို့နယ်၏ ပျမ်းမျှ အပူချိန်သည် ၂၀ ဒီဂရီစင်တီဂရိတ်နှင့် ၄၅ ဒီဂရီစင်တီဂရိတ်အကြား ဖြစ်သည်။



ဘားအံမြို့နယ်ရှိ ဘုရင့်ညီဂူ

လှိုင်းဘွဲမြို့နယ်ကို မြို့သုံးမြို့(လှိုင်းဘွဲ၊ ရှမ်းရွာသစ်၊ ပိုင်ကျုံ)၊ ရပ်ကွက် ၁၃ ခု၊ ကျေးရွာအုပ်စု ၇၂ အုပ်စု၊ ကျေးရွာ ၃၇၁ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ လှိုင်းဘွဲမြို့တွင် နေထိုင်သည့် လူဦးရေသည် ၂၇၉၄၆၇ ဦး ဖြစ်သည်။

မြို့နယ်အတွင်း၌ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်းနှင့် အခြား တိုင်းရင်းသား လူမျိုးများ နေထိုင်ကြပြီး မြို့နယ်နေ ပြည်သူအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာ ကိုးကွယ်သူများလည်း ရှိသည်။ လှိုင်းဘွဲမြို့နယ်၏ အဓိက စီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်၍ စပါးနှင့် မြေပဲ အများဆုံး ထွက်ရှိသည်။ မြို့နယ်၏ အသားတင်စိုက်ပျိုးမြေ ဧရိယာ ၁၄၈၄၆၀ ဧကတွင် စပါး၊ မြေပဲ၊ နှမ်း၊ အစေ့ထုတ်ပြောင်းနှင့် ကြံကို အများဆုံးစိုက်ပျိုး၍ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ရော်ဘာ၊ ကော်ဖီ၊ ငရုတ်ကောင်းနှင့် ကွမ်းသီးတို့ကိုလည်း စိုက်ပျိုးသည်။ ဆန်နှင့် မြေပဲ စိုက်ပျိုးမှု များပြားသဖြင့် လှိုင်းဘွဲမြို့နယ်၏ ဆန်ဖူလုံမှုသည် ၂၅၇ ဒသမ ၆၇ ရာခိုင်နှုန်းနှင့် ဆီဖူလုံမှုသည် ၁၁၀ ဒသမ ၃၄ ရာခိုင်နှုန်းဖြစ်သည်။ မွေးမြူရေးကဏ္ဍ၌ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲနှင့် ငါးတို့ကို မွေးမြူသည်။

လှိုင်းဘွဲမြို့နယ်၌ အစိုးရအထက်တန်းကျောင်း ၁၃ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၆ ကျောင်း၊ အလယ်တန်း ကျောင်း ၂၅ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၈ ကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၂၀၅ ကျောင်း ရှိသကဲ့သို့ ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ၊ ၂၅ ခုတင်ဆံ့ မြိုင်ကြီးငူ တိုက်နယ်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံလေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၁ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၅ ခု ရှိသည်။

မြို့နယ်အတွင်း စေတီပုထိုး ၃၈၅ ဆူ၊ ဘုန်းကြီးကျောင်း ၃၂၈ ကျောင်း၊ ခရစ်ယာန်ဘာသာရေး အဆောက်အအုံ ၃၂ ခု၊ အစ္စလာမ်ဘာသာရေးအဆောက်အအုံ ၂၉ ခုနှင့် ဟိန္ဒူဘုရားကျောင်းနှစ်ကျောင်း ရှိသည့်အနက် လှိုင်းဘွဲမြို့ရှိ ကျိုက်မုရော၊ ကျိုက်မုထော၊ ကျိုက်မုရွှေ စေတီသုံးဆူနှင့် မြိုင်ကြီးငူ ဘေးမဲ့နန်းဦးတောရကျောင်းတို့သည် ထင်ရှားကြသည်။ ရှမ်းရွာသစ်မြို့ မဲသမူကျေးရွာအုပ်စုရှိ ပရေကြေတို ရေတံခွန်၊ ရင်းဘိုင်း ကျေးရွာအုပ်စုရှိ ကျုံထော်ရေတံခွန်နှင့် ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာအုပ်စုရှိ ကွီးကျယ်ရေတံခွန်တို့သည် လှိုင်းဘွဲမြို့နယ်၏ ထင်ရှားသော အပန်းဖြေနေရာများ ဖြစ်ကြသည်။

**သံတောင်ကြီးသို့**

တောင်ငူခရိုင်တွင် ပါရှိခဲ့သည့် သံတောင်မြို့နယ်ကို ၁၉၀၀ ပြည့်နှစ်တွင် ကွမ်းပင်ရွာ(ယခု ထုံးဘိုကြီးရွာ) မြောက်ဘက်တွင် ရုံးစိုက်ခဲ့ပြီး ၁၉၁၀ ပြည့်နှစ်တွင် လိပ်သိုနှင့် ၁၉၃၅ ခုနှစ်တွင် သံတောင်ကြီးသို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် သံတောင်မြို့နယ်ကို ကရင်ပြည်နယ်တွင် ထည့်သွင်းခဲ့၍ ၁၉၅၉ ခုနှစ်တွင် သံတောင်မြို့သစ် ၁၃ မိုင်စခန်းသို့ ပြောင်းရွှေ့ ရုံးစိုက်ခဲ့ကာ ၁၉၇၃ ခုနှစ်တွင် သံတောင်ကြီးသည် သံတောင်မြို့နယ်တွင် ကျေးရွာအုပ်စုတစ်ခုအဖြစ် ပါဝင်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် ၂၀၀၀ ပြည့်နှစ်တွင် သံတောင်ကြီးကို မြို့အဖြစ်သတ်မှတ်၍ ၂၀၀၆ တွင် သံတောင်ကြီးမြို့နယ်ကို ဖွဲ့စည်းကာ သံတောင်ကို မြို့အဖြစ် သတ်မှတ်ခဲ့သည်။

သံတောင်ကြီးမြို့နယ်ကို မြို့လေးမြို့(သံတောင်ကြီး၊ သံတောင်၊ လိပ်သို၊ ဘောဂလိ)၊ ရပ်ကွက် ၁၉ ခု၊ ကျေးရွာအုပ်စု ၅၉ ခုနှင့် ကျေးရွာ ၃၄၁ ရွာဖြင့် ဖွဲ့စည်းထားသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ သံတောင်ကြီးမြို့နယ် လူဦးရေသည် ၉၀၃၄၄ ဦးဖြစ်ပြီး ကရင်လူမျိုးများက လူဦးရေ၏ ၉၄ ဒသမ ၄၇ ရာခိုင်နှုန်း(၈၅၃၆၃ ဦး)ဖြစ်ကာ ဗမာအပါအဝင် အခြား တိုင်းရင်းသား လူမျိုးများလည်း နေထိုင်လျက်ရှိသည်။ မြို့နယ်နေပြည်သူအများစု(၈၄၅၀၀) သည် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြ၍ ဗုဒ္ဓဘာသာဝင် ၄၆၄၄ ဦးရှိကာ အစ္စလာမ်နှင့် ဟိန္ဒူဘာသာတို့ကို ကိုးကွယ်သူမရှိချေ။

သံတောင်ကြီးမြို့နယ်၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးဖြစ်၍ ဖာလာ၊ ကော်ဖီ၊ လက်ဖက်၊ ကွမ်းသီး၊ ဒူးရင်းနှင့် ရော်ဘာတို့ ထွက်ရှိသည်။ မြို့နယ်၏ အသားတင် စိုက်ပျိုးမြေ ဧရိယာ ၉၀၄၉၉ ဧကတွင် စပါး၊ မြေပဲ၊ နှမ်း၊ အစေ့ထုတ်ပြောင်း၊ ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ ကွမ်းရွက်၊ ကွမ်းသီး၊ ငှက်ပျောနှင့် အုန်း အပါအဝင် နှစ်ရှည်သီးနှံပင်များ၊ ဖာလာ၊ ငရုတ်ကောင်း၊ နနွင်းနှင့် ဟင်းသီးဟင်းရွက်များ အပါအဝင် ဈေးကွက်ဝင်သီးနှံပင်များကို စိုက်ပျိုးသည်။

သို့သော် ဆန်နှင့် ဆီထွက်သီးနှံထွက်ရှိမှုသည် မြို့နယ်နေပြည်သူများ စားသုံးမှုကို မပြည့်မီသဖြင့် ဆန်ဖူလုံမှု ၃၆ ဒသမ၂၂ ရာခိုင်နှုန်းနှင့် ဆီဖူလုံမှု ၂၆ ရာခိုင်နှုန်းသာ ရှိသည်။ အသားထုတ်လုပ်ရန် ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်နှင့် ဘဲတို့ကို မွေးမြူသည်။ စက်မှုလုပ်ငန်းတွင် သံတောင်ကြီးမြို့နယ်၌ အစိုးရ လက်ဖက်ခြောက်စက်ရုံနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၂၀ ရှိသည်။ သစ်တောကဏ္ဍတွင် ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက်သစ်များနှင့် သစ်တောထွက်ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ဝါး၊ ဘုမ္မရာဇာ၊ ဖာလာစေ့၊ ပျားရည်နှင့် ဓနိတို့ကို ထုတ်လုပ်သည်။ သံတောင်ကြီးမြို့နယ်တွင် အစိုးရအထက်တန်းကျောင်း ၁၁ ကျောင်း၊ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အလယ်တန်းကျောင်း ရှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ကိုးကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၁၉၃ ကျောင်း၊ ၂၅ ခုတင်ဆံ့ သံတောင်ကြီးပြည်သူ့ဆေးရုံနှင့် သံတောင်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ ဘောဂလိ တိုက်နယ်ဆေးရုံနှင့် လိပ်သိုဆေးရုံ၊ ကျေးလက် ကျန်းမာရေးဌာန ၁၀ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၈ ခုကို ဖွင့်လှစ်ထားသည်။ မြို့နယ်အတွင်း၌ စေတီပုထိုး ၄၅ ဆူ၊ ဘုန်းကြီးကျောင်း ၃၀၊ ခရစ်ယာန် ဘာသာရေးအဆောက်အအုံ ၃၆၃ ခုရှိ၍ နော်ဘူဘော ဆုတောင်းတောင်နှင့် ပသီချောင်းဘေးရှိ ရွှေသံတောင် အပန်းဖြေစခန်းသည် ခရီးသွားများအကြား၌ အလွန်ထင်ရှားလျက်ရှိသည်။ ကရင်ပြည်နယ် ဘားအံခရိုင်သည် ငြိမ်းချမ်းသာယာမှုနှင့်အတူ ဖွံ့ဖြိုး တိုးတက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် လူတစ်ဦးချင်းဝင်ငွေသည် ဘားအံမြို့နယ်၌ ၁၅၇၃၄၀၅ ကျပ်၊ လှိုင်းဘွဲမြို့နယ်၌ ၇၄၁၄၂၁ ကျပ်နှင့် သံတောင်ကြီးမြို့နယ်၌ ၆၈၅၃၀၅ ကျပ်အထိရှိလာခဲ့ပြီး အေးချမ်းသာယာမှုနှင့်အတူ ဘားအံခရိုင်သည် ဆက်လက်တိုးတက်နေဦးမည်သာ ဖြစ်ပေသည်။ ။

**“ဘားအံမြို့နယ်သည် မြေပြန့်နည်းပါး၍ ကုန်းမြင့်များပေါများကာ မြို့နယ်အတွင်းရှိ တောင်စွယ်တောင်တန်းများအနက် ဘားအံမြို့မှ တောင်ဘက် ကိုးမိုင်အကွာတွင်ရှိသည့် ၂၇၂၇ ပေမြင့်သော ဇွဲကပင်တောင်သည် အထင်ရှားဆုံးဖြစ်သည်။ ဘားအံမြို့နယ်အတွင်း၌ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ ဒုံသမိချောင်းနှင့် ဇာသပြင်ချောင်းအပါအဝင် မြစ်ချောင်းများ စီးဆင်းနေကြသည်။ ကားလမ်းများ တိုးတက်ကောင်းမွန်ခြင်းမရှိမီအချိန်က ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းက သံလွင်မြစ်ကြောင်းတစ်လျှောက် သင်္ဘောများ ပြေးဆွဲခဲ့”**

ကိုးကား- (၁) မြန်မာ့စွယ်စုံကျမ်းအတွဲ(၇)
(၂) ဘားအံခရိုင် ဒေသဆိုင်ရာအချက်အလက်များ
(ပြည်ထဲရေးဝန်ကြီးဌာန)

# လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းက စစ်ကိုင်းအသင်းကို ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဩဂုတ် ၃၁**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ သုဝဏ္ဏ ကွင်း၌ ပြုလုပ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် စစ်ကိုင်းအသင်း တို့ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက စစ်ကိုင်းအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ် အနိုင်ရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲရပ်နားပြီး ပြန်လည်ကျင်းပသည့်အချိန်တွင် နိုင်ပွဲဆက်နေသည့် ရှမ်းယူနိုက်တက် အသင်းသည် သုံးပွဲဆက် အနိုင်ရလဒ်နှင့်အတူ ဂိုးပြတ်နိုင်ပွဲပါ ရယူနိုင်ခဲ့သောကြောင့် ကျေနပ်စရာဖြစ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်မှလိုက်ကစားခဲ့ရသော်လည်း စစ်ကိုင်းအသင်း၏ ခံစစ်အားနည်းမှုကြောင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး လူငယ်ကစားသမားများဖြစ်သည့် ရွှေကိုနှင့် ဇွဲသက်ပိုင်ကိုလည်း ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ စစ်ကိုင်းအသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သော်လည်း ရာသီအစက ခြေစွမ်းမျိုး မတွေ့ရသေးဘဲ နှစ်ပွဲဆက် ဂိုးပြတ်အရှုံးနိမ့်ခဲ့သည်။

မိနစ် ၄၀ တွင် ပက်ထရစ်၏ ဂိုးကြောင့် စစ်ကိုင်းအသင်း ဦးဆောင်ဂိုးရခဲ့သော်လည်း နှစ်မိနစ်အကြာတွင် နောက်ခံလူဆူလီမန်အူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ရှမ်းအသင်း ချေပဂိုးပြန်ရခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ဂိုးရရန် အားထည့်ကစားလာပြီး ပထမပိုင်းတွင် အဆုံးသတ်အားနည်းခဲ့သည့် ရှမ်းတိုက်စစ်မှာ အနိုင်ဂိုးလေးဂိုးသွင်းယူနိုင်ခဲ့၍ ကျေနပ်စရာဖြစ်ခဲ့သည်။

**အခွင့်အရေးများစွာပေး**

စစ်ကိုင်းအသင်းခံစစ်မှာ ယခုပွဲတွင် လိုအပ်ချက်များပြားခဲ့ပြီး ရှမ်းအသင်း၏ တောင်ပံများကို ထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် အခွင့်အရေးများစွာပေးခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၆၁ မိနစ်တွင် ရွှေကို၊ ၇၁ မိနစ်တွင် အဘူဘာကာ၊ ၇၆၊ ၇၈ မိနစ်တွင် ဒွေးကိုကိုချစ်တို့က သွင်းယူခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် မကွေးအသင်းနှင့် ရခိုင်အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ပထမအကျော့တွင်လည်း သရေကျခဲ့သည့် မကွေးနှင့် ရခိုင်အသင်းသည် ယခုပွဲတွင်လည်း အပြန်အလှန် သွင်းဂိုးများဖြင့် သရေတစ်မှတ်စီသာ ခွဲယူခဲ့သည်။

**သရေပွဲဖြင့်သာ ပြီးဆုံး**

